# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၀ ဦး ရှိတဲ့အနက် ၃၅၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၈၁ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူများရဲ့အမည်စာရင်းကို ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာ ဖြစ် ပါတယ်။ ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူ ၆၉ ဦးအနက် ၁၀ ဦးမှာ ယမန်နေ့က ခွင့်ပန်ကြားထားပြီး ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၂) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၃) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၉ ရက်၊

(၄) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊

(၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၁ ရက်၊

(၈) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၂ ရက်၊

(၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၁၀) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၁၁) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်၊

(၁၂) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၃ ရက်၊

(၁၃) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၁၄) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၅ ရက်၊

(၁၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၁၆) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၂ ရက်၊

(၁၇) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၅ ရက်၊

(၁၈) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၅ ရက်၊

(၁၉) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၂၀) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၅ ရက်၊

(၂၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၂၂) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

(၂၃) စဥ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၁ ရက်၊

(၂၄) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၂၅) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၃ ရက်၊

(၂၆) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၂၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၅ ရက်၊

(၂၈) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဋေး ခွင့် ၁ ရက်၊

(၂၉) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၃၀) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ခွင့် ၁ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၁၂ ရက်၊

**မှူကြမ်း**

(၃၃) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၃ ရက်၊

(၃၄) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၃ ရက်၊

(၃၅) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၃၆) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁ ရက်၊

(၃၇) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၃၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၃၉) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၄၀) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၂ ရက်၊

(၄၁) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၃ ရက်၊

(၄၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၆ ရက်၊

(၄၃) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၅ ရက်၊

(၄၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၄၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၄၆) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၅ ရက်၊

(၄၇) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၅ ရက်၊

(၄၈) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၅ ရက်၊

(၄၉) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊

(၅၀) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊

(၅၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၅၂) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊

(၅၃) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၅၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၅၅) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၅၆) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၂ ရက်၊

(၅၇) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၅၈) ထန်ထလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၂၁ ရက်၊

**မူကြမ်း**

(၅၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရေအားလျှပ်စစ်စီမံကိန်းများ(Hydro power)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်က Free Share 10% ရရှိအောင် ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်မပေးနိုင်ပါက ၎င်းတို့၏နစ်နာမှုကို မည်ကဲ့သို့ကုစားပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးစွာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဖြင့် ဆောင်ရွက်နိုင်သော အခြေခံကောင်းများ ကောင်းစွာလုံလောက်စွာရှိ၍ မိမိကိုယ်တိုင်ရင်းနှီးမြှုပ်နှံခြင်း၊ ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်စေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ခြင်း စသည့်တို့ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေကြောင်း သိရှိရပါတယ်။ နိုင်ငံတော်က ကြိုးပမ်းသလို၊ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ (Hydro power) နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံရန် အထူးစိတ်ဝင်စားကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏလည်း အလွန်များပြားကာ ပြည်ထောင်စုအစိုးရအနေဖြင့် Free power ၁၀ ရာခိုင်နှုန်း ဓာတ်အားနဲ့ Free Share ၁၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုကို လုပ်ကိုင်ခွင့်နှစ် ၄၀ အထိ ခံစားရယူမည်ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုရှိပါတယ်။ အဲ့ဒီထဲမှာ ရေအားလျှပ်စစ်စီမံကိန်းများ(Hydro power) ပြုလုပ်နိုင်တဲ့နေရာ အနှံ့အပြားရှိနေပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုစနစ်မြင့်မားလာရေး၊ ဆင်းရဲ၊ ချမ်းသာကွာဟမှုလျော့နည်းရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်များကလည်း ကြိုးပမ်းနေလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ထိုသို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုစနစ်မြင့်မားလာရေး၊ ဆင်းရဲ၊ ချမ်းသာကွာဟမှုလျော့နည်းရေးတို့အတွက် ၎င်းတို့မှာလည်း ရန်ပုံငွေလိုအပ်လျက်ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြုလုပ်သောစီမံကိန်းများမှ ၎င်းတို့ကလည်း အကျိုးခံစားခွင့် ရရှိသင့်ပါတယ်။ ထိုသို့အကျိုးခံစားခွင့်ရရှိအောင် ပြည်ထောင်စုအစိုးရကလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသင့်ပါတယ်။

သို့ဖြစ်ပါသောကြောင့် မေးမြန်းလိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြုလုပ်သော ရေအားလျှပ်စစ်စီမံကိန်းများ (Hydro power) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်

မူကြမ်း

ပြည်နယ်က Free Share ၁၀ ရာခိုင်နှုန်းရရှိအောင် ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ပံ့ပိုးကူညီဆောင်ရွက်ပေးမည်နည်း။ မဆောင်ရွက်ပေးနိုင်ဘူးဆိုပါက ၎င်းတို့၏နစ်နာမှုအကျိုးအမြတ် ခံစားခွင့်ဆုံးရှုံးမှုကို မည်ကဲ့သို့ကုစားပေးမည်နည်း။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနုမှ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းမှာ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးရရှိရေးအတွက် ဓာတ်အားထုတ်လုပ်မှုအပိုင်း၊ ဓာတ်အားပို့လွှတ်မှုအပိုင်း၊ ဓာတ်အားဖြန့်ဖြူးမှုအပိုင်းဆိုပြီး ကျွန်တော်တို့ သုံးခုအချိုးညီဆောင်ရွက် လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့သုံးပိုင်းအနက် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအဆင့်ဆင့် ဆောင်ရွက်ရာမှာ (က) ကျွမ်းကျင်မှုဆိုင်ရာနှင့် စီးပွားရေးတွက်ခြေကိုက်မှုစိစစ်ခြင်း၊ (ခ) စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု စစ်ဆေးခြင်း၊ (ဂ) ဒေသအတွင်း ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးရှင်းလင်းခြင်း၊ (ဃ) ပြည့်စုံပါက အကောင်အထည်ဖော်ခြင်းဆိုပြီးတော့ အဆင့်လေးဆင့်နဲ့ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အထက်ပါလေးချက်အနက် ပထမအဆင့်ဖြစ်တဲ့ စူးစမ်းလေ့လာဆဲမှာ ဒေသနှင့်ဆိုင်တဲ့ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ အခြေခံများကို ထည့်သွင်းပြီးတော့ အစီရင်ခံစာမှာ ဖော်ပြစေပါတယ်။ ဒုတိယအဆင့်ကျရင်တော့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု၊ ကွင်းဆင်းစစ်ဆေးပြီးတော့မှ အသေးစိတ်ရလဒ်များကို ဆန်းစစ်ကြရပါတယ်။ ဒီနေရာမှာ ပိုမိုတိကျတဲ့ အခြေခံအချက်များရရှိပြီးတော့ ထိခိုက်မှုများအတွက် ရေတိုရေရှည်ဆောင်ရွက်ပေးရမယ့် အစီအစဉ်များပါ ရေးဆွဲပါရှိလာခဲ့တာဖြစ်ပါတယ်။

တတိယအဆင့်အနေနဲ့ကတော့ ကျွန်တော်တို့ ဒုတိယအဆင့်မှာ ရရှိလာတဲ့ရလဒ်များအပေါ် ပြည်သူများကို ကွင်းဆင်းပြီးတော့ အကျိုးကျေးဇူး၊ ဒေသတွင်းဖွံ့ဖြိုးလာမယ့် အခြေအနေ၊ ထိခိုက်

ဆုံးရှုံးမှုများ၊ ထိခိုက်မှုအပေါ်ကုစားမည့် အစီအစဉ်များပါ ကျွန်တော်တို့ အသေးစိတ်ရှင်းလင်းတင်ပြတဲ့အဆင့် ဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ ပြောင်းလဲလာတဲ့ အခြေအနေများနှင့်အညီ ရှင်းလင်းပြောကြားမှုများကို ပွင့်လင်းမြင်သာစွာနဲ့ မီဒီယာများ၊ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအာဏာပိုင်များ၊ ဒေသတွင်းမှ အဖွဲ့အစည်းများ၊ ပြည်သူများ တတ်ရောက်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးပြီးတော့ ရှင်းလင်းပွဲများကို စနစ်တကျ ပြုလုပ်ပေးလျက်ရှိပါတယ်။ ဒီရှင်းလင်းပွဲများမှာ စီမံကိန်းကြောင့် ဒေသတွင်းထိခိုက်မှုများအတွက် ဆောင်ရွက်ပေးရမယ့် အစီအစဉ်များသာမက ထိခိုက်မှုမရှိတဲ့ ဒေသတွင်းမှာရှိတဲ့ ပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်လည်းပဲ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးတဲ့အစီအစဉ်များ ဒေသတွင်းမှာဖွံ့ဖြိုးလာမယ့် အခွင့်အလမ်းများကိုပါ ကျွန်တော်တို့ အသေးစိတ်ရှင်းလင်းတင်ပြပေးကြရပါတယ်။ ဤကိစ္စအတွက် နိုင်ငံတော်ဘက်ကရော၊ အကောင်အထည်ဖော်ဆောင်ရွက်တဲ့လုပ်ငန်းရှင်ဘက်ကပါ တာဝန်ယူအာမခံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆောင်ရွက်လျက်ရှိသော ဖက်စပ်ရေအား လျှပ်စစ်စီမံကိန်းများ တည်ဆောက်ခြင်းကြောင့် နိုင်ငံတော်ဘက်မှရရှိတဲ့ အကျိုးကျေးဇူးတွေမှာ Free Share ရှိပါတယ်။ Free Power ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဖက်စပ်ကုမ္ပဏီက နေပြီးတော့ ဥပဒေနှင့်အညီ ပေးသွင်းတဲ့ အခွန်အခတွေရရှိခြင်းတို့ ပါဝင်ပါတယ်။

ဒီရေအားလျှပ်စစ်စီမံကိန်းများ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ဒေသရဲ့အခြေအနေ၊ ရာသီဥတု၊ ဘူမိဗေဒအခြေအနေ၊ တစ်နှစ်ပတ်လုံးရေရနိုင်မှုအခြေအနေ၊ မြေမျက်နှာပြင်ကွာခြားချက်၊ လမ်းပန်းဆက်သွယ်ရေး၊ ဓာတ်အားလိုင်းသွယ်တန်းမှုအကွာအဝေးစတဲ့ အခြေခံအချက်တွေမတူကြတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုပမာဏကွဲပြားသလို ရရှိတဲ့အကျိုးအမြတ်များလည်း ကွဲပြားကြပါတယ်။ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း စိစစ်တဲ့နေရာမှာ အထက်ပါအခြေခံအချက်များအပေါ်မှာ ရင်းနှီးမြှုပ်နှံသူအတွက်ကော နိုင်ငံတော်အတွက်ပါ နှစ်ဖက် ရေရှည်အကျိုးရှိစေမယ့်အထိ အဆင့်ဆင့် ညှိနှိုင်းဆောင်ရွက်ကြရပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကြောင့် ရရှိတဲ့ရလဒ်ထဲမှာ နိုင်ငံတော်အတွက်က ရယူသုံးစွဲမယ့်ဓာတ်အားအတွက်လည်းပဲ ကျွန်တော်တို့ ဓာတ်အားခဟာ သင့်တင့်မျှတတဲ့ ဓာတ်အားခဈေးနှုန်းဖြစ်စေဖို့ပါ ကျွန်တော်တို့ထည့်သွင်းဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့ အတွက်ကြောင့်မို့လို့ Free Share နှင့် Free Power နှစ်ခုပေါင်းဟာ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကနေပြီးတော့ ၂၅ ရာခိုင်နှုန်းအထိ ကွဲပြားစွာရရှိကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါစီမံကိန်းတွေ ရရှိလာတဲ့ဝင်ငွေကို နိုင်ငံတော်ရန်ပုံငွေအတွင်းကိုသာ ထည့်ဝင်ပေးသွင်းလျက်ရှိပြီးတော့ နိုင်ငံတော်မှ ရန်ပုံငွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စနစ်တကျ ခွဲဝေခွင့်ပြုသုံးစွဲနေခြင်းဖြစ်ပါတယ်။ ဒီလိုစီမံကိန်းများဆောင်ရွက်ခြင်းကြောင့် ထိခိုက်လာမယ့်အစီအစဉ်များကို ဆက်လက်တင်ပြပါမယ်။ စီမံကိန်းများအကောင်အထည်ဖော်ခြင်းကြောင့် ဒေသတွင်းထိခိုက်မှုများအတွက် မူလအခြေအနေထက် ပိုမိုကောင်းမွန်သောအခြေအနေဖြစ်ပေါ်လာစေရေး၊ ဒေသခံများ၏လက်ရှိလူမှုရေး၊ စီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာစေရေးအထိအောင် ကျွန်တော်တို့ဒေသခံများနဲ့ နှစ်ဦးနှစ်ဖက်ကျေလည်သည်အထိ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်တဲ့စနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။ ဖက်စပ်လုပ်ငန်းဖြစ်စေ၊ တိုင်းရင်းသားလုပ်ငန်းရှင် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်စေ၊ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်စေ ဒီမူအတိုင်းပဲ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

စီမံကိန်းကြောင့် ထိခိုက်မှုမရှိပေမယ့် စီမံကိန်းပတ်ဝန်းကျင်မှာနေတဲ့ ပြည်သူများအတွက်လည်း ဒေသဖွံ့ဖြိုးရေးကိစ္စများကို မဖြစ်မနေ ကျွန်တော်တို့ ထည့်သွင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် စက်ရုံအနီးပတ်ဝန်းကျင်မှ ထွက်ရှိလာတဲ့ဓာတ်အားကို စက်ရုံကနေတိုက်ရိုက်ပေးပို့ပေးတာရှိသလို စက်ရုံကတစ်ဆင့် ကျွန်တော်တို့ မဟာဓာတ်အားလိုင်းကြီးများနဲ့ ပေးပို့သွားတဲ့လမ်းတစ်လျှောက်မှာရှိတဲ့ ဒေသအတွင်းမှာ ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်တဲ့ နေရာတွေမှာလည်းကျွန်တော်တို့ ဓာတ်အားခွဲရုံများတည်ဆောက်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း ကျွန်တော်တို့ ထုတ်လွှတ်လိုက်တဲ့ဓာတ်အားဟာ ကြီးမားသောဓာတ်အားလိုင်းကြီးများနဲ့ သွယ်တန်းပြီးတော့ ပေးပို့ရတာမျိုးရှိသလို အဆင့်ဆင့်ဓာတ်အားလိုင်းများနဲ့ ဓာတ်အားချပြီးတော့ ပေးပို့တဲ့စရိတ်အားလုံးကိုလည်းပဲ နိုင်ငံတော်ကနေပြီးတော့ပဲ ကျွန်တော်တို့ စောစောကတင်ပြပါရန်ပုံငွေထဲမှာပါရှိတဲ့ နိုင်ငံတော်ရန်ပုံငွေကပဲ ကျွန်တော်တို့ စနစ်တကျ ရယူသုံးစွဲပြီးတော့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့်ဆိုရင် အခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အထဲမှာပါတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ လက်ရှိကျိုင်းတောင်းဓာတ်အားပေးစက်ရုံဟာဆိုရင် ပိုမိုကြီးမားတဲ့ဓာတ်အားနဲ့ ခိုလန်၊ နမ့်စန်၊ လွိုင်လင်၊ ကွန်ဟိန်း၊ လင်းခေး၊ မိုးနဲ၊ မိုင်းပန်၊ လဲချား၊ မိုင်းကိုင်စတဲ့ဒေသတွေကို ကျွန်တော်တို့ ဒါအထက်ကျိုင်းတောင်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကနေပြီးတော့ ကျွန်တော်တို့ ဒီပင်မဓာတ်အားလိုင်းကနေပြီးတော့ တိုက်ရိုက်ပို့လွှတ်နေသလိုပဲ ရွှေလီ (၁) ကနေလာတဲ့ ရှမ်းပြည် (မြောက်ပိုင်း) မှာရှိတဲ့ ဓာတ်အားလိုင်းကိုလည်း

ကျွန်တော်တို့ မန်စံမှာ ဓာတ်အားခွဲရုံတည်ဆောက်ပြီးတော့ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ နမ္မတူ၊ နမ့်စန်နှင့် မန်စံအစရှိတဲ့ ကျွန်တော်တို့ ရှမ်းပြည်မြောက်ပိုင်းမှာရှိတဲ့ ပြည်သူများအတွက်လည်းပဲ ကျွန်တော်တို့ နိုင်ငံတော်စရိတ်ကနေပြီးတော့ပဲ ပြန်လည်ကျခံပြီးတော့ သုံးစွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် လျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်းများမှ ရရှိလာသောဝင်ငွေအားလုံးကို နိုင်ငံတော်၏စီမံမှုဖြင့် လိုအပ်သည့်ဒေသ၊ လိုအပ်သည့်ကဏ္ဍများတွင် စနစ်တကျလျာထား၍ ပြန်လည်သုံးစွဲလျက်ရှိပါတယ်။ စီမံကိန်းများကြောင့် တိုက်ရိုက်ထိခိုက်မှုအတွက် ဒေသခံများနှင့် အကြိမ်ကြိမ်ကွင်းဆင်းဆွေးနွေး၍ မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိခိုက်မှုမရှိသည့်ဒေသအတွင်း ဓာတ်အားလိုင်းများသွယ်တန်းပြီးတော့ ကျွန်တော်တို့စနစ်တကျစီစဉ်ဆောင်ရွက်ပေးပြီးတော့ ရန်ပုံငွေများ ကျခံသုံးစွဲလျက်ရှိပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ ဝန်ကြီးရှင့်။ ကျွန်မတစ်ဆက်တစ်စပ်တည်း မေးခွန်းမေးချင်ပါတယ်။ ဒီဥစ္စာကို နောက်မှလာဖြေမယ်ဆိုရင်လည်း ရပါတယ်ရှင့်။ ဒီတစ်ဆက်တစ်စပ်တည်း မေးခွန်းများအနေနဲ့ဆိုလို့ရှိရင် ရေအားလျှပ်စစ်စီမံကိန်းနဲ့ ပတ်သက်၍ စာချုပ်ချုပ်ဆိုစဉ်က ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့ခြင်းမရှိသေးသလို၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများလည်း ပြဋ္ဌာန်းနိုင်ခဲ့ခြင်းမရှိသေးပါဘူး။ အခုအဲဒီဥပဒေများ ပြဋ္ဌာန်းပြီးတဲ့အချိန်မှာ Rule of Law အရ နိုင်ငံတော်အကျိုးအလို့ငှာ အဆိုပါစာချုပ်များ MOU များကို ခေတ်ကာလနဲ့ လိုက်လျောညီထွေမှုရှိစေရန်၊ ပြန်လည်ညှိနှိုင်းပြင်ဆင်ချုပ်ဆိုရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ (၂) အချက်အနေနဲ့ ရေအားလျှပ်စစ်စီမံကိန်းများအပါအဝင် အခြားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများနှင့်စပ်လျဉ်း၍ မချုပ်ဆိုမီ၊ ချုပ်ဆိုပြီးသော MOU များ၊ စာချုပ်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက်ရယူရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ စောစောတုန်းကချုပ်ထားတဲ့စာချုပ်တွေ ရှိပါတယ်။ အဲ့စာချုပ်တွေပေါ်မှာ ခေတ်ကာလအခြေအနေ၊ အချိန်အခါနဲ့ မကိုက်ညီတော့တဲ့စာချုပ်တွေကို ကျွန်တော် ပြီးခဲ့တဲ့အပတ်အစည်းအဝေး ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တစ်ခါလာပြီးတော့ ရှင်းဖြစ်ပါတယ်။ ဒီထဲမှာလည်း ကျွန်တော်တို့ ပြုပြင်ပြောင်းလဲပြီးတော့ ဆောင်ရွက်သင့်တဲ့ကိစ္စတွေကို ပြုပြင်ပြောင်းလဲဆောင်ရွက်နေပါပြီဆိုတာကို တစ်ကြိမ်လာ

ရောက်ပြီးတော့ တင်ပြပြီးဖြစ်ပါတယ်။ အဲ့တော့ ဒါနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ အစိုးရအဖွဲ့မှာ အသေးစိတ်ဆွေးနွေးပြီးတော့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ပုဂ္ဂလိက အသေးစားရေနံချက်ဖိုလုပ်ငန်းများကို အဆင့်မီဒီဇယ်ဆီ၊ ဓာတ်ဆီထုတ်လုပ်နိုင်ရန် နည်းပညာကူညီပေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညွန့်လှိုင်၊ ဖြူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်လှိုင်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ ခင်ဗျား။ အားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ဖြစ်ပါတယ်။ ကျွန်တော် မေးလိုသော မေးခွန်းကတော့ ပုဂ္ဂလိက အသေးစားရေနံချက်ဖိုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ အဆင့်မီ ဒီဇယ်ဆီ၊ ဓာတ်ဆီထုတ်လုပ်နိုင်ရေး၊ နည်းပညာကူညီပေးရေးကိစ္စဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ ဧရာဝတီမြစ်ဝှမ်းဒေသ၊ ချင်းတွင်းမြစ်ဝှမ်းဒေသများမှာ တွင်းတိမ်ရေနံမှော်များမှ ရေနံများထွက်ရှိနေ၍ ပုဂ္ဂလိကရေနံတူလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြပါတယ်။ ရရှိသောရေနံစိမ်းများကို ရေနံချက်ဖိုများတွင် တိုက်ရိုက်မီးထိုးအပူပေးသောနည်း (Direct Firing Order System) ဖြင့် ချက်လုပ်ကြပါတယ်။ ယင်းစနစ်ဖြင့် ချက်လုပ်၍ ထွက်ရှိသောဒီဇယ်ဆီ၊ ဓာတ်ဆီများမှာ တိုက်ရိုက်မီးနှင့်တွေ့ထိထား၍ အပူချိန်မြင့်မားသောကြောင့် အဆင့်မမီခြင်း၊ ဆီထွက်နှုန်း Oil Yield မကောင်းခြင်း၊ သန့်စင်စနစ်မပါ၍ ဆီမသန့်ခြင်း၊ အထူးသဖြင့် တိုက်ရိုက်မီးရှို့ထား၍ အလွန် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ ထင်းများကို လောင်စာအဖြစ်အသုံးပြုနေရ၍ သဘာဝသစ်တောများဆုံးရှုံးရခြင်း စသော ဆိုးကျိုးများဖြစ်ပေါ်လျက်ရှိပါတယ်။ ယင်းသို့ ဆိုးကျိုးများမဖြစ်ပေါ်စေရန်အတွက် အသေးစားရေနံချက်စက်ရုံ Small Scale Oil Refinery  Plant များကို ဒီဇိုင်းထုတ်၍ နည်းပညာပေးရန် လိုအပ်လျက်ရှိပါတယ်။ ရေနံစိမ်းဟာ Hydrocarbon Compound, Carbon, Hydrogen, Oxygen Atom တို့ဖြင့် ဖွဲ့စည်းထားသော ဒြပ်ပေါင်းဖြစ်ပါတယ်။ ဓာတ်ဆီ၊ ဒီဇယ်ဆီ ထုတ်လုပ်ရာမှာ အငွေ့ပျံပူချိန်ဟာ Boiling Point အလွန်နိမ့်ပါတယ်။ ဥပမာအားဖြင့် ရေသည် ၁၀၀ ဒီဂရီစင်တီဂရိတ်မှာ ပွက်ပါတယ်။ သို့ရာတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီထုတ်မယ့် Hydrocarbon Compound သည်  ၁၀၀ ဒီဂရီစင်တီဂရိတ်ထက် နိမ့်ပါတယ်။ ထို့ကြောင့် ချက်လုပ်ရာမှာ လောင်စာ

ဆီလိုအပ်မှုအလွန်နည်းပါတယ်။ လိုအပ်သောလောင်စာဆီကိုလည်း ကိုယ့်စက်ရုံက ပြန်လည်ထွက်ရှိသော ဆီညှံများ(Furnish Oil)၊ ရေနံချေးများ (Oil Receduce) များနှင့် ပြန်လည်အသုံးပြုခြင်းအားဖြင့် Sub Generating System ဖြစ်ပါတယ်။ ပြင်ပလောင်စာထင်းများ သုံးစွဲရန်မလိုအပ်ပါဘူး။ မည်သို့သည့်ရေနံချက်စက်ရုံမှလည်း လောင်စာထင်းသုံးစွဲမှုမရှိကြပါဘူး။ ထို့ကြောင့် သန့်စင်လောင်စာထုတ်စနစ် (fuel gas production Unit)၊ အပူကူးရေနွေးငွေ့စနစ် (Water Boiling System for Heat Transmission)၊ အဆင့်ဆင့်ဆီသန့်စင်စနစ် (Complete Refinery Process Unit) တို့ပါဝင်သော သင့်လျော်တဲ့ အသေးစားရေနံချက်စက်ရုံငယ်များ (Appropriated Meaning and Small Scale Oil Refinery Plant) များကို ပုံစံနှင့် နည်းပညာ (Design and Technical) လေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စွမ်းအင်ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်းများအား ခွင့်ပြုထားခြင်းမရှိသေးပေမယ့် အချို့သော တိုင်းဒေသကြီးများမှာ ဆောင်ရွက်လျက်ရှိနေကြောင်း သိရှိရပါတယ်။ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းဟာ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ပြည်ထောင်စုအစိုးရအဖွဲ့မှသာ ဆောင်ရွက်ခွင့်ရှိတဲ့လုပ်ငန်းဖြစ်ပေမယ့် ယင်းလုပ်ငန်းလုပ်ကိုင်တဲ့ ဒေသခံပြည်သူလူထုများ အလုပ်အကိုင်ရရှိစေခြင်း၊ လယ်ယာကုန်ထုတ်ကဏ္ဍနှင့် ကျေးလက်ခရီးသွားလာရေးကဏ္ဍများမှာ အမှန်တကယ်အကျိုးရှိနေတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ထုတ်လုပ်မှု၊ ချက်လုပ်မှုနည်းစဉ်များ စနစ်တကျဖြင့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ချက်လုပ်ခွင့်ပေးနိုင်ခြင်း ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ အလုပ်ရုံဆွေးနွေးပွဲကို ၃၀-၇-၂၀၁၄ ရက်နေ့မှာ စွမ်းအင်ဝန်ကြီးဌာနမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီအလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာတဲ့ ညှိနှိုင်းဆွေးနွေးချက်များအရ လက်ရှိ ဒေသန္တရ ရေနံချက်လုပ်ခြင်း လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာ

စာထုတ်ပြန်ကာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သွားနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရများကို သတ်မှတ်လျာထား စည်းကမ်းချက်များအား အသိပေးထားပြီးတော့ သဘောထားမှတ်ချက်များ တောင်းခံဆောင်ရွက်လျက်ရှိပါတယ်။

အဲ့ဒီအလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီးတော့ ပုဂ္ဂလိကအသေးစား ရေနံချက်ဖိုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ အဆင့်မီတဲ့ ဒီဇယ်ဆီ၊ ဓာတ်ဆီ ထုတ်လုပ်နိုင်ရေး နည်းပညာ ကူညီပေးရေးနှင့်စပ်လျဉ်းပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ လက်ရှိထုတ်လုပ်မှု၊ ချက်လုပ်မှု နည်းစဉ်များအပေါ်မှာ လိုအပ်ချက်၊ အားနည်းချက်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဝိုင်းဝန်းစဉ်းစား အဖြေရှာဆောင်ရွက်ခဲ့ကြပါတယ်။

အဲ့ဒီလိုဆောင်ရွက်ရာမှာ အရည်အသွေးပြည့်မီတဲ့ စက်သုံးဆီထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းမှာ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖြစ် Myanmar Chemical Engineers Group မြန်မာနိုင်ငံ ဓာတုအင်ဂျင်နီယာများအဖွဲ့မှ မုံရွာခရိုင်၊ လက်ပံကျေးရွာမှာ တစ်ရက်လျှင် ဂါလန် ၁၅၀၀ ချက်လုပ်၍ စံချိန်မီဓာတ်ဆီနှင့် ဒီဇယ်ဆီထုတ်လုပ်ပေးနိုင်မယ့် အသေးစားရေနံချက်စက် တည်ဆောက်ရန် လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာအချက်အလက်များ တင်ပြခြင်းစာတမ်းနှင့် စက်ရုံတည်ဆောက်လည်ပတ်ခဲ့မှုတို့အရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ မှန်ကန်သင့်လျော်တဲ့ ရေနံချက်လုပ်နည်းစနစ်များဖြင့် ဆောင်ရွက်ထားသဖြင့် သင့်လျော်မှုရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရေနံချက်ဖို တည်ဆောက်လိုသူများအနေနဲ့ အဆိုပါ Myanmar Chemical Engineers Group ကဲ့သို့ ပြည်တွင်းရေနံချက်စက် တည်ဆောက်လည်ပတ်မှုအတွေ့အကြုံရှိတဲ့ အင်ဂျင်နီယာ အဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီးတော့ နည်းပညာအထောက်အကူလည်း ရယူနိုင်ပါတယ်။ ၎င်းတို့ရဲ့ စာတမ်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို အစည်းအဝေးမကျင်းပခင်မှာ ပေးထားနိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

ပြည်ပနိုင်ငံများအနေနဲ့ကတော့ ရုရှားနိုင်ငံနှင့် ပပူးဝါးနယူးဂီနီနိုင်ငံတို့မှာ တစ်ရက်မှာ ဂါလန် ၅၂၅၀ ကနေ ဂါလန် ၁၄၀၀၀၀ အထိ ချက်လုပ်နိုင်တဲ့ ခေတ်မီသိပ္ပံနည်းကျ ရေနံချက်စက်ငယ်များရှိကြောင်း လေ့လာတွေ့ရှိရပြီးတော့ နေရာရွှေ့ပြောင်းရန်လွယ်ကူခြင်း၊ တပ်ဆင်ပစ္စည်းများ စိတ်ချရခြင်း

နှင့်ထွက်ရှိသော စံချိန်မီချက်ဆီများ ရရှိနိုင်ခြင်းတို့ကြောင့် အဆိုပါရေနံချက်စက်ငယ်မျိုးအား ဝယ်ယူချက်လုပ်မည်ဆိုပါက နည်းပညာပိုင်းအရ သင့်လျော်မှုရှိကြောင်းလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ ပုဂ္ဂလိက ရေနံချက်ဖိုများဟာ အပူချိန်မြင့်နှင့် ဖိအားမြင့် သမားရိုးကျချက်လုပ်မှုနည်းစဉ်နဲ့ ထင်းနှင့်ရေနံချေးလောင်စာကို အဓိကထား အသုံးပြုချက်လုပ်ခြင်းဖြစ်ပြီးတော့ ထွက်ရှိတဲ့ချက်ဆီများဟာ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့မှာ သတ်မှတ်မော်တော်ယာဉ် စက်မောင်းဆီအဆင့်ကို မပြည့်မီဘဲ ဆာလ်ဖာ (Sulfur)နှင့် နိုက်ထရိုဂျင်(Nitrogen) ပါဝင်နေခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုနှင့် ခေတ်မီမော်တော်ယာဉ်အင်ဂျင်များ ပျက်စီးစေနိုင်တာမို့လို့ ပြည်ပနိုင်ငံများမှာရှိတဲ့ ခေတ်မီသိပ္ပံနည်းကျ ရေနံချက်စက်ငယ်များရဲ့ အသုံးပြုချက်လုပ်နည်းစဉ်များအတိုင်း လေ့လာဆောင်ရွက်သင့်ပါတယ်။ ပြည်ပနိုင်ငံများမှာရှိတဲ့ ခေတ်မီသိပ္ပံနည်းကျ ရေနံချက်စက်ငယ်များရဲ့ အသုံးပြုချက်လုပ်နည်းစဉ်များမှာ အပူချိန်နိမ့်တဲ့ ပုံမှန်ဖိအားနဲ့ရေနံချက်လုပ်တဲ့နည်းစဉ်၊ ပုံမှန်အပူချိန်နဲ့ ပုံမှန်ဖိအားမြင့် ရေနံချက်လုပ်နည်းစဉ်ဆိုပြီးတော့ ရှိကြပါတယ်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေနဲ့ အသေးဆုံး ချက်လုပ်ခဲ့တဲ့ ရေနံချက်စက်ရုံမှာ မလွန်ရေနံချက်စက်ရုံဖြစ်ပြီးတော့ တစ်ရက်လျှင် ရေနံစိမ်း ဂါလန် ၈၀၀၀၀ ခန့်ချက်လုပ်နိုင်ခဲ့ပါတယ်။ ပုဂ္ဂလိကပိုင် Gasoline Plant ငယ်ကို ဝယ်ယူပြီးတော့ ပြည်တွင်းမှာရှိတဲ့ စက်ကို ပစ္စည်းအဟောင်းများကို အသုံးပြုပြီး မြန်မာအင်ဂျင်နီယာများ စွမ်းဆောင်မှုနဲ့ ၁၉၇၇ ခုနှစ်မှာ စတင်တည်ဆောက်ပြီးတော့ ၁၉၇၉ ခုနှစ်ကနေပြီး ၁၉၈၂ ခု ဇူလိုင်လအထိ သုံးနှစ်လည်ပတ်ချက်လုပ်နိုင်ခဲ့ပါတယ်။ မန်းရေနံမြေမှ ရေနံစိမ်းကို ရယူချက်လုပ်ပြီးတော့ ဓာတ်ဆီ၊ ရေနံဆီ၊ ဒီဇယ်ဆီနဲ့ မီးထိုးဆီတို့ ထွက်ရှိပါတယ်။ ကုန်ချောထွက်ရှိမှုစံနှုန်း Yield Percentage က ဓာတ်ဆီ ၂၄.၃၈ ရာခိုင်နှုန်း၊ ရေနံဆီ ၁.၁၇ ရာခိုင်နှုန်း၊ ဒီဇယ်ဆီ ၄၃.၆၈ ရာခိုင်နှုန်းနှင့် မီးထိုးဆီ ၂၈.၈၆ ရာခိုင်နှုန်းတို့ဖြစ်ပြီးတော့ မန်းရေနံမြေမှ သဘာဝဓာတ်ငွေ့ကို ဘွိုင်လာမီးထိုးရန်နှင့် ရေနံစိမ်း အပူပေးရန် သုံးစွဲခဲ့ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရဲ့ ရေနံချက်စက်ရုံ(မလွန်)ကို တည်ဆောက်လည်ပတ်ခဲ့တဲ့ အတွေ့အကြုံများအရ ပုဂ္ဂလိက အသေးစားရေနံချက်လုပ်တည်ဆောက်ဆောင်ရွက်လိုသူများရဲ့ တင်ပြလာမှုအပေါ်မှာ စက်တည်ဆောက်မှု ဒီဇိုင်း၊ ချက်လုပ်မယ့်နည်းစဉ်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု ထွက်ရှိချက်ဆီများရဲ့ အရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှုစတဲ့ အချက်များဖြင့် ဆောင်ရွက်သင့်/မသင့်ကို နည်းပညာပိုင်းဆိုင်ရာ စိစစ်မှုအားဖြင့် အထောက်အကူပြုအကူအညီပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စွန့်ပစ်မိဘမဲ့ကလေးများကို သတ်မှတ်စည်းကမ်းများအတိုင်း မွေးစားခွင့်ပြုရာတွင် ကလေး၏ မွေးစာရင်း၌ မွေးစားမိဘများ၏အမည်ကို ထည့်သွင်းဖော်ပြရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမယ့် မေးခွန်းကတော့ လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာနများမှ မိဘမဲ့ကလေးများအတွက် မွေးစားမိဘများရဲ့အမည်နဲ့ ကလေးမွေးစာရင်းများ လွယ်လင့်တကူပြုလုပ်ပေးနိုင်ရန် အစီအမံများ မေးမြန်းခြင်းဆိုတဲ့ လူမှုရေးမေးခွန်းတစ်ခုဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလူမှုရေးမေးခွန်းမေးဖြစ်တဲ့အကြောင်းရင်းကို ရှေးဦးစွာတင်ပြလိုပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာ ရန်ကုန်မြို့မှာရှိတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနကြီးကြပ်မှုအောက်မှာရှိတဲ့ ကလေးငယ် ၁၀၀ အထိ လက်ခံပြုစုပေးနိုင်တဲ့ ကလေးပြုစုရေးဌာနက တာဝန်ရှိသူများနဲ့တွေ့ဆုံဆွေးနွေးရာက ဒီမေးခွန်းကို မေးဖို့အခြေအနေ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါတယ်။ အချက်အလက်များကိုလည်း တိကျသေချာမှုရရှိစေဖို့ ကလေးပြုစုရေးဌာန တာဝန်ခံဆရာမကြီးနဲ့ သေချာသည်ထက်သေချာအောင် ထပ်မံမေးမြန်းထားခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခံရတဲ့ သနားစဖွယ်မိဘမဲ့ကလေးများကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနကြီးကြပ်မှုအောက် ရှိတဲ့ ကလေးပြုစုရေးဌာနများမှ ဂရုတစိုက်ပြုစုစောင့်ရှောက်ပေးလျက်ရှိနေပါတယ်။ အဲဒီမိဘမဲ့ ကလေးငယ်များကို ဂရုဏာရှင်ဇနီးမောင်နှံများမှ မွေးစားလိုပါက ကလေးပြုစုရေးဌာနများရဲ့ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စာချုပ်စာတမ်းများနဲ့ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အဆိုပါ စွန့်ပစ်မိဘမဲ့ကလေးငယ်များမှာ မွေးစာရင်းတွေမရှိကြပါ။ မွေးစားမိဘများအနေနဲ့လည်း အဆိုပါ စွန့်ပစ်မိဘမဲ့ကလေးငယ်များကို သတ်မှတ်စည်းကမ်း၊ စာချုပ်စာတမ်းများနှင့် မွေးစားရာမှာ ကလေးငယ်၏ မိဘများအဖြစ် ကလေးငယ်များရဲ့မွေးစာရင်းများမှာ မိမိတို့၏အမည်များကို ဖော်ပြရန် ဆန္ဒရှိနေကြပါတယ်။ မွေးစာရင်းများဟာလည်း ကလေးငယ်များကျောင်းအပ်ချိန်နဲ့ နိုင်ငံသားစိစစ် ရေးလက်မှတ်ပြုလုပ်ရာမှာ လွန်စွာအရေးကြီးလှပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်

နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာနဟာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ မွေးစားမိဘများ၏ အမည်နဲ့ ကလေးမွေးစာရင်းပြုလုပ်ပေးပါရန် ညှိနှိုင်းအကြောင်းကြားလေ့ရှိသော်လည်း အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း ကြားသိခဲ့ရပါတယ်။ ဒါကြောင့် အောက်ဖော်ပြပါမေးခွန်းများကို ဂရုဏာရှင် မွေးစားမိဘများရဲ့ ဆန္ဒနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (က) စွန့်ပစ်မိဘမဲ့ကလေးများကို သတ်မှတ်စည်းကမ်းများအတိုင်း မွေးစားခွင့်ပြုရာတွင် ကလေး၏ မွေးစာရင်း၌ မွေးစားမိဘများ၏အမည်ကို ထည့်သွင်းဖော်ပြရန် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနနှင့် ညှိနှိုင်းရာတွင် လွယ်ကူအဆင်ပြေစွာဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ (ခ) ထိုကဲ့သို့ ဆောင်ရွက်ပေးရန် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်က ထုတ်ပြန်ထားကြောင်းနှင့် မရှိသေးပါက ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိများကို မေးမြန်းလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် မွေးဖွားမှု၊ သေဆုံးမှုမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာ၌ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ဖြင့် ဗဟိုစာရင်းအင်းအဖွဲ့ ဖွားသေစာရင်းအင်းဌာနစိတ်မှ ထုတ်ဝေထားသော ဖွားသေမှတ်ပုံတင်အရာရှိများအတွက် လက်စွဲစာအုပ်ပါပြဋ္ဌာန်းချက်များအတိုင်း သတ်မှတ်ပုံစံများဖြင့် လိုက်နာဆောင်ရွက်ကြရပါတယ်။ စွန့်ပစ်မိဘမဲ့ကလေးများကို သတ်မှတ်စည်းကမ်းများအတိုင်း မွေးစားခွင့်ပြုရာတွင် ကလေး၏မွေးစာရင်း၌ မွေးစားမိဘများ၏အမည်ကို ထည့်သွင်းဖော်ပြရန်ကိစ္စနှင့်ပတ်သက်၍ မွေးဖွားမှုမှတ်ပုံတင်ခြင်းနှင့် မွေးစာရင်း၊ မွေးလက်မှတ် (Birth Certificate) သည် ကလေး၏ဘဝတွင် အရေးကြီးသော အကြောင်းအရာတစ်ရပ်ဖြစ်ပြီး ၎င်းကလေး၏ အရေးကြီးသည့် သက်သေအထောက်အထားများ ဖြစ်သော ကလေးနှင့် ၎င်း၏မိဘအရင်းအမည်များမှာ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို ဘဝ

တစ်လျှောက်လုံးအတွက် အသုံးဝင်သော အထောက်အထားများဖြစ်စေပါတယ်။ သို့အတွက်လက်ရှိတွင် မိဘအရင်း၏အမည်များကိုသာ ရေးသွင်းခွင့်ပြုထားခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအခြေအနေတွင် ကလေး၏ ထုတ်ပေးထားသော မွေးစာရင်းမှာ မွေးလက်မှတ်များ၊ မွေးဖွားသည့်ရာဇဝင်ကိုသာ ဖော်ပြသည့်အတွက် မွေးစားမိဘအမည်များကို ရေးသွင်းခွင့်ပြုထားခြင်းမရှိသေးပါ။ သို့သော် အဆိုပါကိစ္စရပ်အပေါ် အလေးအနက်ထားပြီး ဖွားသေမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်နေသော နှီးနွယ်ဆက်စပ်နေသည့် ဌာနအဖွဲ့အစည်းများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**တကောင်း၊ ပုဂံ၊ အင်းဝ၊ မိုင်းမောနှင့် မြောက်ဦး အစရှိသော အရေးကြီးသည့် ရှေးဟောင်းဒေသများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညွန့်၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညွန့်(သပိတ်ကျင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်ကတော့ သပိတ်ကျင်းမြို့နယ်မှ ဦးခင်မောင်ညွန့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရှေးဟောင်းဒေသများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးကိစ္စ မေးမြန်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြည်မြို့အနီးရှိ သရေခေတ္တရာမြို့ဟောင်း၊ တောင်တွင်းကြီးမြို့အနီးရှိ ဗိဿနိုးပျူမြို့ဟောင်း၊ ရွှေဘိုမြို့အနီးရှိ ဟန်လင်းပျူမြို့ဟောင်း စသည့်မြို့ဟောင်းသုံးခုကို ကမ္ဘာ့အမွေအနှစ်စာရင်းတွေမှာ ပါဝင်သည်လို့သိရှိရပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင် မည်ကဲ့သို့အဆင့်ဆင့်ဆောင်ရွက်ခဲ့ရကြောင်းနဲ့ နောက်ထပ်ကမ္ဘာ့အမွေအနှစ်စာရင်းဝင်များ မန္တလေးတိုင်းဒေသကြီးအနီးရှိ သပိတ်ကျင်းမြို့နယ်မှ တကောင်း၊ ပုဂံ၊ အင်းဝ၊ မိုင်းမော၊ ပျူမြို့ဟောင်း၊ ရခိုင်ပြည်နယ်ရှိ မြောက်ဦး အစရှိသည့် အရေးကြီးသည့် ရှေးဟောင်းဒေသများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွန့် မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်ရှင့်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ကျွန်မတတ်နိုင်သလောက် အကျဉ်းချုံးပြီးဖြေမှာဖြစ်ပါတယ်ရှင့်။ အဆင့်ဆင့်ကို ဖြေကြားရမှာဖြစ်လို့ အချိန် ၁၅ မိနစ်လောက်တော့ ပေးပါရှင့်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုနှင့် သဘာဝရောနှောနေသည့် အမွေအနှစ်များကို ပိုင်ဆိုင်ထားကြရာ အဆိုပါအမွေအနှစ်များကို ရေရှည်တည်တံ့စေရေး၊ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) က ၁၉၇၂ ခုနှစ်မှာ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း (Convention concerning the Protection of the World Cultural and Natural Heritage, 1972) အဲ့ဒီသဘောတူညီချက်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဆိုပါကွန်ဗင်းရှင်းဝင် နိုင်ငံများအနေနဲ့ မိမိနိုင်ငံ၏ အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခွင့်ရှိမှာဖြစ်ပါတယ်။ ယခုအခါမှာဆိုရင် ကွန်ဗင်းရှင်းအဖွဲ့ဝင်ဟာ ၁၈၇ နိုင်ငံရှိပြီးတော့ ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင်အဖြစ် ၂၁ နိုင်ငံကို ၎င်းတို့နိုင်ငံအနက်ကနေပြီးတော့ ထပ်မံရွေးချယ် တင်မြှောက်ကြပါတယ်။

မြန်မာနိုင်ငံအနေနှင့်လည်း မိမိတို့ရဲ့အမွေအနှစ်တွေကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်နိုင်ဖို့အတွက် အဆိုပါ World Heritage Convention, 1972 သဘောတူညီချက်ကို ၁၉၉၄ ခုနှစ်က လက်မှတ်ရေးထိုးပြီးတော့ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းလိုတယ်ဆိုရင် ဦးစွာအဆိုပြုစာရင်း Tentative List ကို တင်သွင်းရမှာဖြစ်ပါတယ်ရှင့်။ ဒါကြောင့်မို့လို့ ၁၉၉၆ ခုနှစ်မှာ ရှမ်းပြည်နယ်မှာရှိတဲ့ ပြဒါးလင်းဂူ၊ ပုဂံ၊ ပျူမြို့ဟောင်းများ၊ မြောက်ဦး စသည်တို့ပါဝင်တဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ရှစ်ခုကို ယူနက်စကိုသို့ အဆိုပြုအမည်စာရင်း တင်သွင်းခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ ကျင်းပတဲ့ ယူနက်စကို၊ ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးမှာ ကျွန်မတို့ဘက်က တင်သွင်းထားတဲ့ အဆိုပြုစာရင်းတွေနှင့်ပတ်သက်ပြီးတော့ ဦးစွာဆောင်ရွက်ထားရမှာကို ယူနက်စကိုကနေပြီးတော့ မှတ်ချက်ပြုခဲ့ပါတယ်။ ကျွန်မတို့အဓိက ဆောင်ရွက်ရမယ့်အချက် သုံးချက်ဖြစ်ပါတယ်။ တစ်ခုကတော့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

ရန်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ သက်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွက် ဇုန်နယ်နိမိတ်များ သတ်မှတ်ရန်ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းနိုင်ဖို့အတွက် စီမံခန့်ခွဲမယ့်အစီအစဉ်များ ရေးဆွဲရန်ဆိုပြီးတော့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၉၈ ခုနှစ်မှာ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးတော့ ၂၀၀၉ ခုနှစ်တွင် ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၁ ခုနှစ်မှာ နည်းဥပဒေများကိုပါ ဆက်တိုက်ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ ထို့အတူပဲ ယဉ်ကျေးမှုအမွေအနှစ် ဒေသအသီးသီးကိုလည်း ဦးစားပေးအလိုက် ဇုန်နယ်နိမိတ်များသတ်မှတ်ပြဋ္ဌာန်းခဲ့ရာ အခုဆိုရင် ကျွန်မတို့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဇုန် ၄၆ ဇုန်အထိ ရှိပြီဖြစ်ပါတယ်။ အဆိုပါအချက်များကိုဆောင်ရွက်လျက် တစ်ဖက်မှလည်း မိမိတို့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့စာရင်းဝင်ဖြစ်ဖို့အတွက် ယူနက်စကိုနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၈ ခုနှစ်တွင် အဆိုပြုထားတဲ့ အမွေအနှစ်စာရင်းတွေကို ကျွန်မတို့ ပြန်လည်ပြီးတော့ သုံးသပ်ပါတယ်။ ၂၀၁၀ ခုနှစ်မှာတော့ ပျူမြို့ဟောင်း သုံးခုကို ဦးစွာရွေးချယ်ခဲ့ကြပါတယ်။ ဦးစားပေးရွေးချယ်ခဲ့ရခြင်းကတော့ ပျူမြို့ဟောင်းတွေဟာ သမိုင်းတင်ခေတ်အစောပိုင်းကာလ ယဉ်ကျေးမှု (Proto-historic Culture)ရဲ့ မြို့ပြယဉ်ကျေးမှု (Urbanization) နှင့် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့ခြင်းရဲ့ ခိုင်မာတဲ့အထောက်အထားတစ်ရပ်ဖြစ်ခြင်း၊ နောက်တစ်ချက်ကတော့ အခုအချိန်အထိ ကျွန်မတို့ တွေ့ရှိထားတဲ့အထောက်အထားတွေအရဆိုရင် အရှေ့တောင်အာရှဒေသအတွင်းမှာ အစောဆုံးသော ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့်အတူ ဗုဒ္ဓယဉ်ကျေးမှုကိုအခြေခံပြီးတော့ တည်ဆောက်ထားတဲ့ မြို့ပြယဉ်ကျေးမှုတစ်ရပ်ဖြစ်ခြင်း၊ နောက်တစ်ချက်ကတော့ မြေပေါ်၊ မြေအောက်အထောက်အထားများ ကြွင်းကျန်တည်ရှိနေသကဲ့သို့ ရာစုနှစ်တစ်ခုမက ပြည်တွင်းပညာရှင်များရော၊ ပြည်ပပညာရှင်များရဲ့ သုတေသနလေ့လာခဲ့မှုတို့ကြောင့် တိကျခိုင်မာတဲ့ သက်သေအထောက်အထားများ ရှိနေခြင်း၊ နောက်တွေ့ရှိရတဲ့ ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားတို့ကို ခေတ်မီနည်းစနစ်ဖြင့် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်ရာမှာလည်းပဲ ခိုင်မာတဲ့ကာလ ခုနှစ်၊ သက္ကရာဇ်တို့ကို ဖော်ထုတ်တင်ပြနိုင်ခြင်းတို့ကြောင့် ဦးစားပေးပြီးတော့ ရွေးချယ်တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်ရှင်။ ဦးဆုံးတင်သွင်းခဲ့တဲ့အမွေအနှစ်ကိုလည်းပဲ အထစ်အငေါ့မရှိ မြန်မြန်ဆန်ဆန်နဲ့ ရရှိစေလိုတဲ့အတွက်ကြောင့်မို့လို့လည်းပဲ စီမံခန့်ခွဲမှုအတွက် အခက်အခဲနည်းမယ့်အချက်ကိုလည်း ကျွန်မတို့ထည့်သွင်းစဉ်းစားပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများ

ဆိုင်ရာ သတင်းအချက်အလက်တွေ၊ အထောက်အထားများ စုဆောင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ စာရင်းပြုစုခြင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခြင်းဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်လေ့လာသင်ကြား အတွေ့အကြုံများရယူခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ယူနက်စကိုနှင့် အီတလီနိုင်ငံတို့ရဲ့ နည်းပညာအကူအညီ ဘဏ္ဍာငွေ အထောက်အပံ့များရရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ယူနက်စကိုအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ပဲ ပြည်တွင်း ပြည်ပမှ ပညာရှင်များပါဝင်ပြီးတော့မှ ကျွန်မတို့ အဆိုပြုစာတွဲဆိုပြီးတော့မှ (Nomination Dossier)စာတွဲကို ပြုစုရေးသားခဲ့ကြပါတယ်။ ပြည်တွင်းပညာရှင်များအနေနဲ့လည်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက ဘာသာရပ်ဆိုင်ရာ ဝန်ထမ်းတွေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်းမှ ပညာရှင် များ၊ မိမိတို့ဌာနက အငြိမ်းစားပညာရှင်ကြီးများ၊ သမိုင်းပညာရှင်ကြီးများ ပါဝင်ခဲ့သလို ပြည်ပပညာ ရှင်များ တစ်နည်းအားဖြင့် (International Experts) များအနေနဲ့လည်းပဲ အခြားနိုင်ငံများရဲ့ ကမ္ဘာ့ အမွေအနှစ်များရရှိရေး ဆောင်ရွက်ခဲ့ကြတဲ့ပုဂ္ဂိုလ်တွေ၊ အတွေ့အကြုံရင့်ကျက်တဲ့ပုဂ္ဂိုလ်တွေနဲ့ ပျူခေတ်နဲ့ပတ်သက်ပြီးတော့ သုတေသီပြုလုပ်ခဲ့သော ပညာရှင်များ ပါဝင်ခဲ့ကြပါတယ်။

အဆိုပြုစာတွဲရေးသားပြုစုတဲ့အခါမှာ ပျူမြို့ဟောင်း သုံးခုလုံးမှာရှိတဲ့ အမွေအနှစ်ပစ္စည်းများ၊ အဆောက်အအုံတစ်ခုချင်း အသေးစိတ် ဓာတ်ပုံ၊ ပုံဆွဲ၊ မြေပုံမှတ်တမ်း မှတ်ရာအချက်အလက်များ ဖော်ပြခြင်း၊ သုတေသနပြုထားမှုများ၊ ကာကွယ်ထိန်းသိမ်းထားရှိမှုများ၊ ပထဝီဝင်မြေပြင်ဆိုင်ရာ အထောက်အထားများနှင့် ဆက်စပ်လျက်ရှိတဲ့ လူမှုအဖွဲ့အစည်းရဲ့ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးတမ်း များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်မယ့်အစီအစဉ် စီမံခန့်ခွဲမှုများကိုပါ သတ်မှတ်ထားတဲ့ စာတွဲပုံစံနှင့် ရေးသားတင်ပြခဲ့ပါတယ်ရှင့်။ တစ်ဖက်ကလည်း ဒေသခံပြည်သူများ နားလည်လာပြီး တော့ ဝိုင်းဝန်းပါဝင်နိုင်ရေးအတွက် တောက်လျှောက်ကွင်းဆင်းပြီးတော့ အသိပညာပေးခြင်းများကို ကျွန်မတို့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ ရှေးဦးစွာ စာတွဲမူကြမ်း (Draft Nomination Dossier)ကို ယူနက်စကို၊ ကမ္ဘာ့အမွေအနှစ်ဗဟိုဌာန (World Heritage Centre) ကိုတင်သွင်းခဲ့ပါတယ်။ ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနက မြေပုံတွေအပါအဝင်အချို့အချက်တွေ လိုအပ် တယ်လို့ ကျွန်မတို့ကို ထပ်မံတောင်းခံခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒါတွေကိုပြုစုပြီးတော့မှ ၂၀၁၂ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများမှာ (World Heritage Centre)ကိုထပ်မံပြီးတော့ ဖြည့်စွက် တင်ပြ ပေးပို့ခဲ့ပါတယ်။ (Additional Information I) ကို ပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်

ဇန်နဝါရီလမှာတော့ ပြီးပြည့်စုံတဲ့စာတွဲ (Complete Nomination Dossier)ကို ကျွန်မတို့ အချိန်မီ တင်သွင်းနိုင်ခဲ့ပါတယ်။ သို့သော်လည်းပဲ လိုအပ်ချက်တွေရှိနေပါသေးတယ်ဆိုပြီးတော့ လက်မခံကြောင်း ပြန်ကြားလာပြန်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ ကျွန်မတို့ တင်သွင်းပါမှ ၂၀၁၄ ခုနှစ် ဇွန်လမှာကျင်းပမည့် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံ (World Heritage Committee) မှာ ဆုံးဖြတ်ချက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံကို ဆက်သွယ်ပြီး လိုအပ်တဲ့အချက်အလက်များကို ဒီဘက်ကအချိန်မီ ပေးပို့တင်သွင်းသွားပါမယ်။ ယခုစာတွဲကိုတင်သွင်းမှုကို လက်ခံပေးစေလိုကြောင်း မေတ္တာရပ်ခံခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၃ ခုနှစ် ဧပြီလမှာ စာတွဲကို လက်ခံလိုက်ပြီးတော့ စစ်ဆေးရေးအဖွဲ့ စေလွှတ်ပြီးတော့ ကျွန်မတို့ဆီကို ကွင်းဆင်းစစ်ဆေးပါတယ်။

ကမ္ဘာ့အမွေအနှစ်ကော်မတီ (World Heritage Committee)ရဲ့ စစ်ဆေးအကြံပေးအဖွဲ့ (Advisory Bodies of ICOMOS – INTERNATIONAL COUNCIL ON MONUMNTS AND SITES ) က ကျွမ်းကျင်ပညာရှင်များက ကျွန်မတို့ဆီကို ၂၀၁၃ခုနှစ် အောက်တိုဘာလမှာ ဗိဿနိုးမြို့ဟောင်းနဲ့ သရေခေတ္တရာမြို့ဟောင်းတို့ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ဟန်လင်းမြို့ဟောင်းကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ သေချာစွာ လေ့လာစစ်ဆေးနိုင်ဖို့အတွက်လည်းပဲ နိုင်ငံတော်က ရဟတ်ယာဉ် ပံ့ပိုးခဲ့တဲ့အတွက်ကြောင့်မို့လို့ ကောင်းကင်မှရော မြေပြင်မှာပါ ကောင်းစွာလေ့လာစစ်ဆေးနိုင်ခဲ့ပါတယ်။ မိမိတို့ဘက်ကလည်း လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပြီးတော့မှ (Additional Information II) ဆိုပြီးတော့မှ စာတွဲကို ထပ်မံဖြည့်စွက်တင်သွင်းပေးပို့ခဲ့ပါတယ်။ ၂၀၁၄ခုနှစ် ဧပြီလမှာ ကမ္ဘာ့အမွေအနှစ်ကော်မတီရဲ့ အကြံပေးအဖွဲ့ဆုံးဖြတ်ချက်ကတော့ Deferred ဆိုပြီးတော့ပဲ ကျွန်မတို့ဆုံးဖြတ်ကြောင်း အကြောင်းကြားခဲ့ပါတယ်။ ကျွန်မ ဤနေရာမှာ အနည်းငယ်ရှင်းပြလိုပါတယ်ရှင့်။ ဒီအမွေအနှစ်စာရင်းတင်သွင်းတဲ့ အမွေအနှစ်တွေကို နှစ်စဉ်သူတို့ ဇွန်လမှာကျင်းပတဲ့ ကမ္ဘာ့အမွေအနှစ်ကော်မတီ (World Heritage Convention) မှာ သူတို့ ဆုံးဖြတ်ကြေညာကြပါတယ်။ ဒါတွေကို ဆုံးဖြတ်ကြေညာဖို့အတွက် ပထမဦးဆုံး စစ်ဆေးအကြံပေးအဖွဲ့ (ICOMOS) က ကျွန်မတို့တင်ပြတဲ့စာတွဲကို စစ်ဆေးပါတယ်။ ပြီးရင် ကွင်းဆင်းပြီးတော့မှ စစ်ဆေးပါတယ်။ အဲလိုစစ်ဆေးပြီးတော့မှ သူတို့ရဲ့သုံးသပ်ချက်ကို ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနကို ပေးပို့ပါတယ်။ အဲ့ဒီဌာနက သက်ဆိုင်ရာနိုင်ငံကို အကြောင်းကြားပါတယ်။ စစ်ဆေးရေးအဖွဲ့ရဲ့ မှတ်ချက်တွေနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာနိုင်ငံက ပြန်လည်ပြီးတော့ ရှင်းလင်းချေပခွင့်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ အဲဒီလိုရှင်းလင်းချေပအပြီးမှာ ဒါတွေကို ပေါင်းခြုံသုံးသပ်ပြီးရင် ဇွန်လမှာ ကျင်းပတဲ့ ကမ္ဘာ့အမွေအနှစ်ညီလာခံမှာ နောက်ဆုံးအဆင့်အနေနဲ့ ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် ၂၁ နိုင်ငံကနေပြီးတော့ ဆုံးဖြတ်ပေးလေ့ရှိပါတယ်။ ဇယားကို ကျွန်မအနည်းငယ်ရှင်းချင်ပါတယ်ရှင့်။ ဒီအမွေအနှစ်တွေနဲ့ပတ်သက်၍ အပိုင်းကြီးနှစ်ပိုင်းနဲ့ သူတို့ ဆုံးဖြတ်သုံးသပ်ပါတယ်။ တစ်ပိုင်းကတော့ OUB အပိုင်းဖြစ်ပါတယ်။ OUB ဆိုတာ Outstanding Universal Value ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး သတ်မှတ်ချက်တွေနဲ့ ကြည့်ပါတယ်။

နောက်တစ်ချက်ကတော့ စီမံခန့်ခွဲမှုအပိုင်းနဲ့ ကြည့်ပါတယ်ရှင့်။ OUB အပိုင်းမှာဆိုရင် ဒီတင်ပြထားတဲ့အမွေအနှစ်ဟာ Integrity ဆိုပြီးတော့ ခိုင်မာမှုရှိရဲ့လား၊ နောက်တစ်ချက်ကတော့ တင်ပြထားတဲ့အမွေအနှစ်တွေဟာ Authenticity ဆိုပြီးတော့မှ စစ်မှန်မှုရှိလားဆိုတာကို ကြည့်ပါတယ်။ နောက်တစ်ခုကတော့ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်ထဲမှာ ယဉ်ကျေးမှုအမွေအနှစ်အတွက် တင်ပြတယ်ဆိုရင် Criteria ခြောက်ချက်သတ်မှတ်ပါတယ်။ အဲဒီ Criteria ခြောက်ချက်မှာ တစ်ချက်နဲ့ကိုက်ညီတယ်ဆိုရင်ကို ကျွန်မတို့ကို ဘောင်ဝင်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့ အခုတင်သွင်းတဲ့ ပျူသုံးမြို့ကတော့ Criteria 2 ဆိုတဲ့အချက်ရယ်၊ Criteria 3 ရယ်၊ Criteria 4 ဆိုပြီးတော့ ကျွန်မတို့ အချက်သုံးချက်နဲ့ ဘောင်ဝင်ကြောင်းကို ကျွန်မတို့တွေ့ရှိရပါတယ်။ ဒီအချက်တွေကို ဒါကို ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးဆိုပြီးတော့ စိစစ်ပါတယ်ရှင့်။ နောက်တစ်ခုကတော့ Management အပိုင်းပါ။ အဲဒီဟာကတော့ ကျွန်မတို့ ဒီတင်ပြတဲ့အမွေအနှစ်တွေရဲ့ နယ်နိမိတ်တွေ သတ်သတ်မှတ်မှတ်ရှိပြီလား၊ လုံလုံလောက်လောက်ရှိရဲ့လားဆိုတာကို စစ်ဆေးပါတယ်။ ပြီးရင် ဒီနယ်နိမိတ်အတွင်းမှာ နေနေကြတဲ့ လူတွေရဲ့မြို့ပြဧရိယာတွေရဲ့ Boundaries တွေ၊ ရပ်ရွာတွေ၊ ရပ်ကွက်တွေ၊ ကျေးရွာတွေရဲ့ နယ်နိမိတ်တွေကိုလည်း အတိအကျ သတ်မှတ်ထားဖို့လိုပါတယ်။ ဒါတွေကို စနစ်တကျဆောင်ရွက်ထားပြီလားဆိုတဲ့ စီမံခန့်ခွဲမှုအောက်မှာ အချက်တစ်ချက်အနေနဲ့ စိစစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီအမွေအနှစ်တွေကို ထိန်းသိမ်းထားမှုစနစ်ဟာ စံဝင်ရဲ့လား၊ International Norm နဲ့ ကိုက်ညီရဲ့လားဆိုတာကို ကြည့်ပါတယ်။ နောက် Protection ဆိုတဲ့ ကာကွယ်စောင့်ရှောက်မှုအပိုင်းကရော လုံလောက်လားဆိုတာကို စိစစ်ပါတယ်ရှင့်။ နောက်တစ်ခုကတော့ ဒီအမွေအနှစ်တွေဟာ မပျက်စီးအောင် သဘာဝအန္တရာယ်တွေကျရောက်မယ်ဆိုရင် ဘယ်လိုကာကွယ်မလဲဆိုတဲ့ Disaster Risk Management အပိုင်းကို ဘယ်လိုလုပ်ထားသလဲဆိုတာကို ကြည့်ပါတယ်။ နောက် ဧည့်သည်တွေလာရောက်တဲ့အခါမှာ ဧည့်သည်တွေဘက်ကလည်း အဆင်ပြေစေဖို့ ဧည့်သည်တွေများလာရင်လည်း

အမွေအနှစ်ကို မထိခိုက်စေဖို့အတွက် Visitor Management ကိုရော ဘယ်လိုစီစဉ်လဲဆိုတာ ဒီလိုအချက်တွေလည်း ကြည့်ပါတယ်။ ကျွန်မတို့ကို ဒီလိုအပိုင်းကြီး နှစ်ပိုင်းနဲ့စိစစ်တဲ့အခါမှာ ကျွန်မတို့ရဲ့အမွေအနှစ်ဟာ Integrity လည်းရှိပါတယ်။ ခိုင်မာမှုရှိပါတယ်။ စစ်မှန်မှုဆိုတဲ့ Authenticity လည်းရှိပါတယ်။ Criteria သုံးချက်လုံးနဲ့လည်း ကိုက်ညီမှုရှိပါတယ်။ Management အပိုင်းမှာတော့ Boundaries အနေနဲ့ကလည်း ကျွန်မတို့က သတ်မှတ်ပြီးဖြစ်ပါ တယ်။သူ့ထဲမှာရှိနေတဲ့ ရပ်ရွာကျေးရွာလေးတွေကိုတော့ ကျွန်မတို့ နယ်နိမိတ်တွေ အတိအကျထပ်မံပြီးတော့ သတ်မှတ်ဖို့ ကျန်ပါတယ်။ Conservation အနေနဲ့လည်း ထိုက်သင့်သလောက် ကျွန်မတို့ ထိန်းသိမ်းထားပြီးဖြစ်ပါ တယ်။ Protection ကလည်း ကျွန်မတို့နည်း၊ ကျွန်မတို့ဟန်နဲ့တော့ ကာကွယ်ထားတာတော့ရှိပါတယ်။ Management အပိုင်းဖြစ်တဲ့ နောက်တစ်ခုကတော့ Disaster Risk Management၊ နောက်တစ်ခု ကတော့ Visitor Management ပါ။ ဒါတွေကိုတော့ ကျွန်မတို့မဆောင်ရွက်ရသေးပါဘူးရှင့်။

သို့သော်လည်းပဲ ကျွန်မတို့တင်ပြလိုက်တဲ့စာတွဲထဲမှာတော့ ကျွန်မတို့က International Experts တွေနဲ့ ကျွန်မတို့ရဲ့ Experts တွေပူးပေါင်းပြီးတော့မှ ရှေ့ဆက်ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ Master Plan ကိုထည့်သွင်းပြီးတော့ ရေးသားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ကို ဒီဇယားနဲ့ ဆုံးဖြတ်တဲ့အခါမှာ ပဏာမစစ်ဆေးတဲ့ ICOMOS အဖွဲ့ကတော့ တချို့ကိစ္စလေးတွေမှာ တစ်ခုတစ်ခုမှာ နည်းနည်းလေးစီ အားနည်းမှုတွေရှိလို့ အစအဆုံးက ပြန်ရေးစေချင်တဲ့အနေနဲ့ ကျွန်မတို့ကို Deferred လို့သတ်မှတ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မ ဒီသတ်မှတ်ချက်တွေကို ဆက်လက်ပြီးတော့ ရှင်းလင်းပြ ခွင့်ပြုပါရှင့်။ သူတို့သတ်မှတ်တဲ့အခါမှာ လေးမျိုးသတ်မှတ်ပါတယ်။ Inscribe ဆိုတာကတော့ တစ်ခါ တည်း ကမ္ဘာ့စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Referred ပါ။ Referred ဆိုရင်တော့ အနည်းငယ်ဖြည့်စွက်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ နောက်တစ်နှစ်ဆိုရင်တော့ ကမ္ဘာ့စာရင်းဝင်အဖြစ်သတ်မှတ်ပေးပါ့မယ်ဆိုတာ ဖြစ်ပါတယ်။ နောက်တစ် ချက်ကတော့ Deferred ပါ။ Deferred ဆိုရင်တော့ ကမ္ဘာ့စာရင်းဝင်နိုင်တဲ့ စံချိန်စံညွှန်းတွေကတော့ ရှိပါတယ်။ သို့သော် ခုနကကျွန်မတင်ပြခဲ့သလိုပါပဲ။ အချို့လိုအပ်ချက်လေးတွေ ဖြည့်စွက်ရေးသားရမှာတွေ စီမံခန့်ခွဲမှုတွေ ကို ထပ်မံပြီးတော့ စီမံခန့်ခွဲမှုတွေလုပ်ရမှာဖြစ်ပါတဲ့ အတွက်ကြောင့်မို့လို့ ဒါကို လုပ်ပါအုံး၊ ဖြည့်စွက် ရေးသားပါအုံးဆိုရင်တော့ ကျွန်မတို့ နှစ်နှစ်ကနေ သုံးနှစ်ထိ ထပ်မံကြာမြင့်မှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လုံးဝကိုစံမမီတဲ့အတွက်ကြောင့်မို့လို့ Not to be Inscribed ဖြစ်ပြီးတော့ အမွေအနှစ်စာရင်းဝင်အဖြစ်လုံးဝမပေးနိုင်ပါဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်မတို့ ဒီလေးချက်မှာ

ပဏ္ဏာမစစ်ဆေးရေး (ICOMOS) အဖွဲ့က Deferred လို့သတ်မှတ်ခဲ့ပါတယ်။ ဒီလိုသတ်မှတ်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ ကျွန်မတို့က ပြန်လည်ဖြေရှင်းခွင့်ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ သူတို့စစ်ဆေး ချက်အပေါ်မှာလည်း သူတို့အားနည်းချက်တွေရှိတဲ့အတွက်ကြောင့်မို့လို့ ထောက်ပြပြီးတော့ ကျွန်မတို့ ရှင်းပြနိုင်ခဲ့ပါတယ်။ ဒါဟာလည်းပဲ ကျွန်မတို့ဘက်က အချို့ကိစ္စတွေမှာ အားနည်းချက်တွေရှိသော်၊ ရှိတာတွေလည်းရှိပါတယ်။ ပထမဦးဆုံးအကြိမ်အမွေအနှစ်စာရင်းဝင်တော့ ကျွန်မတို့ဘက်က တချို့ အချက်လေးတွေမှာ Research ပိုင်းလေးတွေမှာ အားနည်းမှုလေးတွေရှိပါတယ်။ သူတို့ဘက်က လည်းပဲ ပျူခေတ်နဲ့ပတ်သက်တာတွေကို ကောင်းစွာသဘောမပေါက်တဲ့အတွက်ကြောင့်မို့လို့ သိပ်မသိ နားမလည်တဲ့အတွက်ကြောင့်မို့လို့ ထောက်ပြခဲ့တာတွေလည်းရှိပါတယ်။ ဒါကိုကျွန်မတို့ပြန်လည်ပြီး တော့ ဖြေကြားချေပနိုင်ခဲ့ပါတယ်။ အလားတူ ကျွန်မတို့ ၂၀၁၄ခုနှစ် မေလမှာလည်းပဲ World Heritage Convention မတိုင်ခင်မှာ ကမ္ဘာ့အမွေအနှစ်ဆောင်ရွက်နေတဲ့ အဖွဲ့ဟာ ပြင်သစ်နိုင်ငံ ပါရီမြို့ ယူနက်စကိုဌာနချုပ်ရုံးမှာရှိတဲ့ ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့လည်းကောင်း သွားရောက်ပြီးတော့ တွေ့ဆုံဆွေးနွေးတင်ပြခဲ့ပါတယ်။ အလားတူပဲ ကျွန်မတို့စစ်ဆေးတဲ့ ICOMOS အဖွဲ့ကိုလည်းပဲ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ရှင်းပြခဲ့ပါတယ်။ အမွေအနှစ်ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံဖြစ်တဲ့ သံအမတ်ကြီးများလည်းတွေ့ဆုံပြီးတော့ ပျူမြို့ဟောင်း တွေရဲ့အရေးပါမှု၊ နှစ်ပေါင်းတစ်ရာကျော်မက ပြည်တွင်းပြည်ပပညာရှင်တွေအသီးသီး သုတေသနပြု ဖော်ထုတ်ထားရှိမှု၊ ကျွန်မတို့ လက်ရှိကာကွယ်ထိန်းသိမ်းထားရှိမှုတွေကို သူတို့သဘောပေါက်ဖို့ အတွက် အကိုးအကားအထောက်အထားများ ပြည့်ပြည့်စုံစုံနဲ့ Presentation လုပ်ပြီးတော့ ရှင်းပြခြင်း၊ အပြုသဘောမေးမြန်းတိုင်ပင်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လ ကာတာ နိုင်ငံမှာကျင်းပတဲ့ (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ညီလာခံကို တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအခါမှာတော့ ဘာသာရပ်ဆိုင်ရာပညာရှင်များလည်း ပါဝင်ခဲ့ပါတယ်။ ပြီးတော့ဒီအမွေအနှစ် သုံးခုလုံးမှာရှိတဲ့ ဒေသခံများလည်း ပါဝင်ပြီးတော့ တက်ရောက်ခဲ့ကြပါတယ်။ အစည်းအဝေးစတင်တဲ့ ပထမငါးရက်လုံးလုံးမှာတော့ အမွေအနှစ်စာရင်းဝင်ရရှိပြီးတဲ့နိုင်ငံတွေရဲ့ ဆက်လက်ဆောင်ရွက်ထား ရှိမှုများကို သုံးသပ်ဆွေးနွေးကြတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့အတွက် ငါးရက်လုံးလုံး ဆုံးဖြတ်ပေးမယ့်ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံအဖွဲ့တွေနဲ့ တွေ့ဆုံပြီးတော့ မိမိတို့အမွေအနှစ်အကြောင်း ကို ရှင်းပြတိုင်ပင်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ စာရင်းဝင်သတ်မှတ်နိုင်ရေးအတွက် တစ်နည်း အားဖြင့် Inscribe ရရှိရေးအတွက် ဒီကော်မတီဝင် ၂၁ နိုင်ငံအနက် အနည်းဆုံး ၁၂ နိုင်ငံက ထောက်ခံ ပေးမယ်ဆိုရင် Inscribe ဆိုပြီးတော့မှ တစ်ခါတည်း ကမ္ဘာ့အမွေအနှစ် စာရင်းရရှိသွားမှာဖြစ်ပါတယ်။

ဒီဇွန်လ ၂၂ ရက်နေ့မှာတော့ ကျွန်မတို့အမွေအနှစ်ကို ဆုံးဖြတ်တဲ့နေ့ဖြစ်ပါတယ်။ ဒီအခါမှာ ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် ၁၇ နိုင်ငံက ပျူမြို့ဟောင်းများရဲ့ ကမ္ဘာ့စံတန်ဖိုးကိုက်ညီမှု၊ အရေးပါမှု၊ ရှားပါးတန်ဖိုးကြီးမှု ဆောင်ရွက်သူတို့ပူးပေါင်းဆောင်ရွက်တတ်မှု ဒါတွေကိုအသိအမှတ်ပြုပြီးတော့ တစ်ခဲနက်ထောက်ခံခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့လဲပဲ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်နဲ့ ။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ သတ်မှတ်ကြောင်းကြေညာနိုင်တာ ဖြစ်ပါတယ်ရှင်။ ပထမဦးဆုံးဆိုရင် မလေးရှားနိုင်ငံကနေပြီးတော့ စတင်ပြီးတော့ ထောက်ခံလိုက်ပါတယ်ရှင်။ နောက်တစ်နိုင်ငံပြီးတစ်နိုင် နိုင်ငံအသီးသီးကနေ ထောက်ခံတဲ့အတွက်ကြောင့်မို့ အခုလို ကမ္ဘာ့အမွေအနှစ်အဖြစ် ပေးလိုက်ခြင်းဖြစ်ပါတယ်။ ယခုအချိန်ထိဆိုရင် ဒီနှစ် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံ ပြီးတဲ့အထိမှာဆိုရင် ယဉ်ကျေးမှုအမွေအနှစ်ရော၊ သဘာဝအမွေအနှစ်ရော၊ ယဉ်ကျေးမှုနဲ့ သဘာဝရောနှောနေတဲ့ အမွေအနှစ်ရောဆိုရင် အားလုံးကမ္ဘာ့အဆင့်အမွေအနှစ်ပေါင်းက ၁၀၀၇ ခုအထိရှိသွားပြီဖြစ်ကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်ရှင့်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မန္တလေးတိုင်းဒေသကြီးရှိ သပိတ်ကျင်းမြို့နယ်မှ တကောင်းဆိုတဲ့ မြို့ဟောင်းရယ်၊ နောက် ပင်လယ်လို့ခေါ်တဲ့ မိုင်းမော ပျူမြို့ဟောင်းများနဲ့ပတ်သက်၍လည်းပဲ ကျွန်မတို့ ဆက်လက်ပြီးတော့ တင်သွင်းသွားနိုင်ရေးကို ဆောင်ရွက်သွားမှာပါ။ ဘာလို့လဲဆိုတော့ ကျွန်မတို့က အခု ဒီပျူမြို့ဟောင်းများကို Serial No Mination အနေနဲ့ တွဲဆက်ဖွဲ့တည်နေသော မြို့ဟောင်းများအနေနဲ့ တင်သွင်းခဲ့တာဖြစ်လို့ နောက်ထပ် ပျူခေတ်နဲ့ပတ်သက်တဲ့ မြို့ဟောင်းများကိုလည်းပဲ ကျွန်မတို့ လုံလောက်တဲ့ အခုနက တင်ပြသွားတဲ့ အထောက်အထားများနဲ့ တင်ပြသွားတဲ့ Management အပိုင်းတွေကို ခိုင်လုံအောင် ဆောင်ရွက်နိုင်ပြီဆိုရင် ဒါ ကျွန်မတို့ တစ်ဆက်တည်းဆက်ပြီးတော့ သွင်းသွားနိုင်မှာဖြစ်ပါတယ်။ ယခုအခါမှာတော့ တကောင်းမြို့ဟောင်းနဲ့ပတ်သက်၍ပဲဖြစ်ဖြစ်၊ ကျွန်မတို့ ပင်လယ် ခေါ် မိုင်းမောပျူမြို့ဟောင်းနဲ့ပတ်သက်၍ပဲဖြစ်ဖြစ် လုံလောက်တဲ့ အထောက်အထားတွေ ပြည့်ပြည့်စုံစုံမရှိသေးတဲ့အတွက်ကြောင့်မို့လို့ ဒါ မသွင်းနိုင်သေးခြင်းဖြစ်ပါတယ်။ နောက် ပုဂံ၊ အင်းဝ၊ ရခိုင်ပြည်နယ်ရှိ မြောက်ဦး အစရှိတဲ့ ထင်ရှားတဲ့ ရှေးဟောင်းဒေသများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တို့နဲ့ပတ်သက်ပြီးတော့ ယခုအခါမှာဆိုရင် ပုဂံယဉ်ကျေးမှုအမွေအနှစ်အတွက် စတင်ပြင်ဆင်နေပြီဖြစ်ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်ရရှိရေးအတွက်က

ကျွန်မ တင်ပြခဲ့သလိုပါပဲ။ ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက် Outstanding Universal Values တွေလည်းရှိရမှာဖြစ်သလို ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်က အဆင့်တွေကလည်းပဲ ကျယ်ပြန့်နက်နဲလှပါတယ်။ အနည်းဆုံး သုံးနှစ်ကနေပြီးတော့ လေးနှစ်ကြားကို ကြာမြင့်မှာဖြစ်ပါတယ်ရှင့်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မဖြစ်မီရော၊ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာလည်းပဲ စီမံခန့်ခွဲမှုဆိုင်ရာအပိုင်းတွေ ဥပမာ နယ်နိမိတ်သတ်မှတ်မှုတွေ၊ ထိန်းသိမ်းမှုတွေ၊ ကာကွယ်မှု၊ (Disaster Risk Management, Visitor Management) စတာတွေ၊ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီရမှာဖြစ်သလို လိုက်နာရန် ကန့်သတ်ချက်တွေလည်း များစွာရှိပါတယ်။ ဝန်ထမ်းအင်အား၊ ပြည်သူလူထုအင်အား၊ ဒေသခံတို့၏အား၊ ငွေကြေးရန်ပုံငွေ စွမ်းဆောင်နိုင်မှုတွေ လိုအပ်သလို အစိုးရ၊ ပြည်သူလူထုနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိအဖွဲ့အစည်းများ နားလည်စွာပူးပေါင်းဆောင်ရွက်မှုနှင့် တွန်းအားပေးမှုများကလည်း အရေးကြီးလိုအပ်လှပါတယ်ရှင့်။ အထူးသဖြင့် လူနေထိုင်မှုနေရာများနဲ့ ရောယှက်နေတဲ့ နေရာတွေမှာဆိုရင် ပိုမိုနက်နဲခက်ခဲဖြေရှင်းရပါတယ်ရှင့်။ ယခုနှစ်ပိုင်းမှာတော့ ကျွန်မတို့ ပုဂံကို စတင်ဆောင်ရွက်နေပြီးတော့မှ ကျန်အမွေအနှစ်များကိုတော့ နောက်ပိုင်းမှာ တင်ပြပါသတ်မှတ်ချက်များနဲ့ ကိုက်ညီတဲ့နေရာများကို ဦးစားပေးပြီးတော့မှ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ မြို့နယ်တိုင်းတွင် မိုးပွင့်စီမံချက်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဝင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်ကမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူအားလုံးကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်ကဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနမှာ၊ မြို့နယ်တိုင်းမှာ မိုးပွင့်စီမံချက်ဆိုပြီးတော့ လဝကနဲ့ပတ်သက်တဲ့ နိုင်ငံသားကတ်ပြားများကို သတ်မှတ်နှုန်းထားနဲ့ ဆောင်ရွက်ပေးနေတာကိုကြိုဆိုပါကြောင်း ဦးစွာပထမဌာနကို တင်ပြအပ်ပါတယ်။ မိုးပွင့်စီမံချက်ကာလဟာ သတ်မှတ်ကာလ ဇူလိုင်လမှ ယခုစက်တင်ဘာလအထိ ၂ လ သတ်မှတ်ထားကြောင်း အကြမ်းဖျင်းသိရှိရပါတယ်။ ဒီသတ်မှတ်တဲ့ ကာလမှာလည်း ၁ လကို ၂ ကြိမ် ကျေးရွာများနှင့် ကွင်းဆင်းပြီးတော့နေ့ချင်းပြီး ဆောင်ရွက်ပေးနေကြောင်းလည်း သိရှိရပါတယ်။ တင်ပြလိုသည်မှာ နိုင်ငံသားမှတ်ပုံတင်မရှိသူ ပြည်သူရဲ့လိုအပ်ချက်နဲ့ ဆောင်ရွက်ပေးတဲ့ စီမံချက်ကာလ

တိုတောင်းတဲ့အတွက် ပြည့်စုံမှုမရှိတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့မြို့နယ်မှာဆိုလို့ ရှိရင် ကျေးရွာ ၂၉ ရွာကနေပြီးတော့ လူဦးရေ ၁၁၀၀ ကျော်ဟာ နိုင်ငံသားမှတ်ပုံတင်ကတ်များ မပြည့် စုံသေးတာကို ကျွန်တော်တို့ တင်ပြပြီးတော့ထားရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ သက်ဆိုင်ရာ ဌာနကို တင်ပြပြီးဖြစ်ပါတယ်။ နိုင်ငံသားမှတ်ပုံတင်ကိစ္စဟာ စီမံချက်ကာလအတွင်းမှာပဲ ဆောင်ရွက် ခြင်းမျိုးမဟုတ်ဘဲနဲ့ သက်ဆိုင်ရာဌာနရဲ့ နေ့စဉ်နှင့်အမျှ ဆောင်ရွက်ရမယ့်လုပ်ငန်းများလို့ ယူဆပါ တယ်။ ဒါကြောင့် သက်ဆိုင်ရာမြို့နယ်များကလည်း ကျန်ရှိတဲ့ကျေးရွာများကို ဆက်လက်ဆောင်ရွက် ပေးပါမယ်။ ကာယကံရှင်များကို လိုအပ်တဲ့အချက်အလက်များ၊ အထောက်အထားများ ပြည့်စုံစွာယူ ဆောင်လာပြီးတော့ဌာနကို ဆက်သွယ်ဆောင်ရွက်စေလွှတ်ပေးပါလို့၊ ဆောင်ရွက်ပေးပါမယ်လို့ တာဝန် ရှိသူများကလည်း ပြောဆိုထားပါတယ်။

သို့ရာတွင် နိုင်ငံသားလက်မှတ်ဟာ ပြည်သူများအတွက် အသက်တမျှအရေးကြီးပါတယ်။ ဒီနေ့ အချိန်အခါမှာ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းသည်သာလျှင် ပွင့်လင်းထင်သာ မြင်သာဖြစ်ပြီးတော့ အစိုးရက ပြည်သူ့ရဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနေခြင်းဆိုသော အနှစ်သာရနဲ့ အသွင်သဏ္ဍာန်ကို ပီပြင်စေခြင်းကြောင့် သက်ဆိုင်ရာဌာနကနေပြီးတော့ မိုးပွင့်စီမံချက်တွေကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးမယ့် အစီအစဉ်များကို ပြန်လည်ဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးစိတ် ၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်းရဲ့ ပြည်နယ်/တိုင်းဒေသကြီးအားလုံးရှိ မြို့နယ်တိုင်းတွင် မိုးပွင့်စီမံချက် များကိုစဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်

ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်အစိုးရသစ်မှာ နိုင်ငံ့တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ချိန်ကစပြီး တော့မှ ကောင်းမွန်သောအုပ်ချုပ်ရေး Good Governance နှင့် သန့်ရှင်းသော အစိုးရ Clean Government အဖြစ်ဖော်ဆောင်ပေးရန် လမ်းညွှန်ထားရှိခဲ့ပါတယ်။ သန့်ရှင်းသော အစိုးရဖြစ်ထွန်း ပေါ်ပေါက်စေရန် လုပ်ငန်းတာဝန် ၆ ရပ်ရှိသည့်အနက် စတုတ္ထလုပ်ငန်းတာဝန်ဖြစ်သော ပြည်သူ့ဆန္ဒ သဘောထားကို အလေးထားပေးပါဆိုသည့် လမ်းညွှန်ချက်လည်းရရှိပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံသားများ၏ ဆန္ဒအရ ပြည်သူများ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ စိတ်အေးချမ်းသာဆန္ဒပြည့်ဝ လိုသည့် နိမိတ်ပုံကိုယူ၍ မိုးပွင့်စီမံချက်ဟု ခေါ်ဆိုသုံးစွဲဆောင်ရွက်ခဲ့ခြင်းပဲဖြစ်တယ်။

မိုးပွင့်စီမံချက်ဆိုသည်မှာ မွေးရာပါ နိုင်ငံသားများဖြစ်သော ပြည်သူများအတွက် အိမ်ထောင်စု လူဦးရေစာရင်းဆိုင်ရာ ဆောင်ရွက်ပေးမှုများနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်း များကို ယခင်ကထက် ပိုမိုလွယ်ကူစေသော ဖြေလျှော့နည်းများအသုံးပြု၍ တစ်နေရာထဲတွင် စုစည်းပြီး နိုင်ငံတစ်ဝှမ်းကွင်းဆင်း၍ ပွင့်လင်းမြင်သာစွာဖြင့် စနစ်သစ်အရ သတ်မှတ်နှုန်းထားအတိုင်း လျင်မြန်စွာ ဆောင်ရွက်ပေးမည်ဆိုသော အင်္ဂါရပ်များနှင့် ပြည့်စုံအောင် ဆောင်ရွက်ပေးရမည့် အစီ အမံတစ်ရပ်အဖြစ်လည်း ရည်ရွယ်ပြီးတော့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ စိစစ်ထုတ်ပေးရေး လုပ်ငန်း ၂ ရပ်မှာ မြန်ဆန်စွာနှင့် သတ်မှတ်နှုန်းထားနှင့်အညီ ရရှိစေရေးအတွက် ဖြေလျှော့ပေးမှု အနေဖြင့် ယခင် အိမ်ထောင်စုလူဦးရေစာရင်းတစ်စောင် ဖြည့်စွက်နိုင်ရေးအတွက် လိုအပ်သော အထောက်အထား အချက် ၁၀ ချက်အစား ၅ ချက် ဖြေလျှော့ပေးခဲ့တာဖြစ်ပါတယ်။ ၎င်းအချက်များကို ဖော်ပြရပါက ယခင်က အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဆိုသော အချက် အစား အိမ်ထောင်စုဝင်အတွင်းမှာ အသက် ၁၈ နှစ်ပြည့်ပြီးသူတစ်ဦး ကိုယ်စားလာရောက်လျှောက် ထားနိုင်ကြောင်း၊ ဒုတိယအချက်အနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ၂ ဦး လုံးရဲ့ ထောက်ခံချက်နှစ်ခုတင်ပြရမယ့်အစား ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တစ်ခုတည်း ကိုသာယူဆောင်လာရန်ဖြစ်ပါတယ်။ တတိယအချက်အနေဖြင့် အိမ်ခန်း၊ အိုးအိမ်ဦးစီးဌာန၏ ထောက်ခံချက်၊ စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်စသည်တို့ပါရှိမည်ဆိုသော အချက် များကိုတော့ ပယ်ဖျက်ခဲ့တာဖြစ်ပါတယ်။ စတုတ္ထအချက်အနေဖြင့် လက်ရှိနေထိုင်သောအိမ်ခန်း

(သို့မဟုတ်)နေအိမ်အား ပိုင်ဆိုင်သည့် အထောက်အထား မူရင်း/မိတ္တူများ တင်ပြရမည်ဆိုသည့် အချက်မှာလည်း လိုအပ်ခြင်းမရှိသဖြင့် မည်သည့်အခြေအနေတွင် နေထိုင်ကြောင်းကိုသာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ထည့်သွင်းဖော်ပြပေးရန်ဖြစ်ပါတယ်။ နောက်ဆုံး ပဋ္ဌမအချက်အနေနဲ့ လျှောက်ထားသူအား အိမ်ငှားနေထိုင်သူဖြစ်ပါက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်အတွင်းမှာပင် အမှန်တကယ်နေထိုင်ကြောင်းကိုသာ ထည့်သွင်းစေခြင်းဖြင့် ဖြေလျှော့ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာမှာလည်း ယခင်က တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် ခရိုင်ဦးစီးဌာနမှူး လက်မှတ်ရေးထိုးခြင်းအစား မြို့နယ်ဦးစီးဌာနမှူးလက်မှတ်ရေးထိုး ထုတ်ပြန်ခွင့်ပြုခြင်း၊ မွေးရာပါနိုင်ငံသားများဖြစ်သော တိုင်းရင်းသားများအတွက် အထောက်အထားပြည့်စုံပါက အများဆုံး ၂၈ ရက်အတွင်းအပြီး ဆောင်ရွက်ခြင်းစသည့် ဖြေလျှော့မှုများအပြင် ပြည်သူများလွယ်ကူလျင်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မိုးပွင့်စီမံချက်အား ၁-၇-၂၀၁၁ ရက်နေ့မှစ၍ မြန်မာတစ်နိုင်ငံလုံးတစ်ဝှမ်းမှာရှိကြတဲ့ ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများသို့ အရောက်ကွင်းဆင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးပွင့်စီမံချက်အား ၂၀၁၁ခုနှစ်၊ ဇူလိုင်လ တစ်ရက်နေ့မှစပြီးတော့မှ အဆင့် ၁ မှ အဆင့် ၆ အထိ အဆင့်ဆင့်ဆောင်ရွက်ပေးတဲ့အခါမှာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ အိမ်ထောင်စုလူဦးရေ စုစုပေါင်း ၅၀၉၃၁၃ စုနှင့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၁၇၂၀၆၃၈ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၉၁၂၄၈၈ ဦး စုစုပေါင်း ၃၆၃၃၁၂၆ ဦး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

မိုးပွင့်စီမံချက် ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများအား ဆောင်ရွက်ရာတွင် နောက်ဆက်တွဲ ရုံးလုပ်ငန်းများမှတ်တမ်းများဆောင်ရွက်ရန်နှင့် မိမိဌာနမှ အခြားဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကိုလည်း အရှိန်အဟုန်မပျက် လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် တစ်လတွင် သုံးရက်ကွင်းဆင်း သတ်မှတ်ဆောင်ရွက်၍ ကျန်ရက်များမှာ မြို့နယ်ရုံးများနဲ့ ဆောင်ရွက်သွားမည်ဖြစ်ပြီးတော့မှ ပြည်သူများလက်ခံသော လုပ်ငန်းဖြစ်သဖြင့် ပြည်သူ့လိုအပ်ချက်များ ပြည့်မီစေရေးအတွက် မိုးပွင့်စီမံချက်များကိုလည်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၀၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကိုပေါင်း၍ ဂျိန်းဖောဟု သတ်မှတ်ခဲ့ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာသူများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကချင်တိုင်းရင်းသားလူမျိုးအားလုံးက သိရှိလိုတဲ့ မေးခွန်းတစ်ခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ရိုသေလေးစားစွာဖြင့်မေးမြန်းလိုပါတယ်ရှင်။ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် ရက်စွဲနှင့်နိုင်ငံတော်သမ္မတက ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေ ပုဒ်မ ၂ အပိုဒ်(ဂ)အရ အောက်ပါလူမျိုးများသည် ကချင်လူမျိုးများတွင် အပါအဝင်ဖြစ်တယ်လို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲ့ဒီလူမျိုးများကတော့ (၁)ဂျင်းဖော၊ (၂)အဇီး၊ (၃)လရှီ၊ (၄)မရူ၊ (၅)လီဆော၊ (၆)နုံ(ခနုံ-ရဝမ်)တို့ဖြစ်ပါတယ်။ အထက်ပါ နိုင်ငံတော်သမ္မတရဲ့အမိန့်ကြော်ငြာစာကို ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းအဖြစ် တရားရေးဝန်ကြီးဌာန၊ ရွေးကောက်ပွဲဌာနခွဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ တွဲဖက်အတွင်းဝန် စံညွှန့်က အမိန့်အရထုတ်ပြန်ကြေညာခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ၁၉၈၃ ခုနှစ်မှာတော့ တိုင်းရင်းသား ၁၃၅ မျိုးအပေါ် အခြေခံပြီး သန်းခေါင်စာရင်းကောက်ယူခဲ့တာကို

လေ့လာတွေ့ရှိရပါတယ်။ တဖန် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာရှိတဲ့ ခန့်မှန်းလူဦးရေစာအုပ်ကစပြီးတော့မှ ကချင်နှင့်ဂျိန်းဖောကိုပေါင်းပြီး ဂျိန်းဖောလို့ဖော်ပြခဲ့တဲ့အတွက် တိုင်းရင်းသားလူမျိုး ၁၃၄ မျိုးဖြစ်ခဲ့ကြောင်း၊ ထိုပြင်ဆင်မှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ ပြင်ဆင်ပြုစုခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၄ ခုနှစ်၊ မတ်လမှာတော့ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကိုကောက်ခံတဲ့အခါမှာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအပေါ်အခြေခံပြီး ပြန်လည်ကောက်ယူခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မေးခွန်း(၁)အနေနဲ့ ကချင်တိုင်းရင်းသားလူမျိုးများအတွက် နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာထားသည့် ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းကို ပယ်ဖျက်ထားခြင်းရှိ/မရှိ။ မေးခွန်း(၂) ၁-၁၀-၂၀၀၃ ခုနှစ်ရှိ ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကိုပေါင်း၍ ဂျိန်းဖောဟု သတ်မှတ်ခဲ့ခြင်းမှာ အဘယ်အကြောင်းကြောင့်သတ်မှတ်ခဲ့ပါသနည်း။ ထိုသို့သတ်မှတ်ရာတွင် သက်ဆိုင်ရာ ကချင်တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ သဘောတူညီမှုရယူခဲ့ပါသလား။ မေးခွန်း(၃) ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ခံရာတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကို အခြေခံထားသဖြင့် ၁-၁၀-၂၀၀၃ တွင်ပြင်ဆင်ခဲ့သည့် ကချင်=ဂျိန်းဖော ဟူသည့်သတ်မှတ်ချက်ကို ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရပါမည်လား။ အကယ်၍ မပယ်ဖျက်သေးပါက ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၄) ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်က ထုတ်ပြန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အထူးအမိန့်ပြန်တမ်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၁-၁၀-၂၀၀၃ ရက်နေ့ ရက်စွဲပါ လမ်းညွှန်မှုနှစ်ခုစလုံးကို ပယ်ဖျက်ခြင်းမရှိသေးပါက သမ္မတ၏ကြေညာချက်နှင့် ဝန်ကြီးဌာန၏လမ်းညွှန်ချက် မည်သည်ကပိုမို၍ အာဏာသက်ရောက်မှုရှိပါသနည်းဆိုတဲ့ မေးခွန်း ၄ ခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ၏ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့ခြင်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ်မှာရှိသော ကချင်တိုင်းရင်းသားလူမျိုးများအတွက် နိုင်ငံတော်သမ္မတ ထုတ်ပြန်ကြေညာထားသည့် ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းကို ပယ်ဖျက်ထားခြင်းရှိ/မရှိ၊ ပယ်ဖျက်ပြီးပါက မည်သည့်နေ့ရက်၊ လ၊ ခုနှစ်တွင် မည်သူက ပယ်ဖျက်ခဲ့သည်ကို သိရှိလိုခြင်းနှင့် ဟူသော မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်တို့ သန်းခေါင်စာရင်းကောက်ယူတဲ့အခါမှာတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ပြီးခဲ့တဲ့ ၁၉၈၃ ခုနှစ်၊ လူမျိုးစုစာရင်းကို အခြေခံထားပြီးတော့မှပဲ ၂၀၁၄ မှာတော့ ဆက်လက်ပြီးတော့မှ သန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းဖြစ်ကြောင်းလည်း ပြန်လည်ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းဖြစ်သော ၁-၁၀-၂၀၀၃ ရက်နေ့မှာရှိသော ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကိုပေါင်း၍ ဂျိန်းဖောဟုသတ်မှတ်ခဲ့ခြင်းမှာ အဘယ်အကြောင်းကြောင်းကြောင့် သတ်မှတ်ခဲ့ပါသနည်း။ ထိုသို့သတ်မှတ်ရာတွင် သက်ဆိုင်ရာ ကချင်တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ သဘောတူညီမှုရယူခဲ့ပါသလား။ ကချင်မျိုးနွယ်စုများ၏ သဘောထားများရယူခဲ့ပါက မည်သည့်နေ့ရက်တွင် မည်သည့်နေရာ၌ မည်သူများပါဝင်ခဲ့သည်ကို သိရှိလိုခြင်းဟူသော မေးခွန်းနှင့်ပတ်သက်၍ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာရှိသော ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကိုပေါင်းပြီးတော့မှ ဂျိန်းဖောဟုဖော်ပြခဲ့ခြင်းမှာ ကချင်ပြည်နယ်ဆိုင်ရာအထောက်အထားများမှာ ဂျိန်းဖော(ခ)ကချင်လူမျိုးများဟု ဖော်ပြထားပြီးတော့မှ ကချင်တို့၏မူလအမည်မှာ ဂျိန်းဖောဖြစ်သည်ဟုဆိုထားကြောင်းတွေ့ရှိရပါတယ်။ ကိုးကားစာရင်းများဖြစ်တဲ့ ကချင်ပြည်နယ်မှတ်တမ်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ် ၁၉၈၅၊ ကချင်ပြည်နယ်သမိုင်း(ပထမတွဲ) သမိုင်းသုတေသနဦးစီးဌာန၊ မော်ကွန်း HRC:X/13AP/1922၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(ကချင်)၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ရန်ကုန်စာပေဗိမာန်ပုံနှိပ်တိုက် ၁၉၆၇ တို့မှာ

ဂျိန်းဖောကို ကချင်ဟုဖော်ပြထားသဖြင့် ၂၀၀၃ ခုနှစ်၊ ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖော ကိုပေါင်း၍ ဂျိန်းဖောဟုဖော်ပြခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံရာတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကို အခြေခံထား သဖြင့် ၁-၁၀-၂၀၀၃ ရက်နေ့တွင် ပြင်ဆင်ခဲ့သည့် ကချင်=ဂျိန်းဖောဟူသည့် သတ်မှတ်ချက်ကို ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရပါမည်လား။ အကယ်၍ မပယ်ဖျက်သေးပါက ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိဟူသော မေးခွန်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ စတင် ကောက်ယူခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ခံရာ မှာ ၁၉၇၃ ခုနှစ်က ကောက်ယူရရှိခဲ့ပြီးသော မှတ်တမ်းတင်ထားတဲ့ လူမျိုး ၁၃၅ မျိုးနှင့် ၁၉၈၃ ခုနှစ်၊ သန်းခေါင်စာရင်းပါ ဆက်လက်အသုံးပြုထားသောစာရင်းကို အခြေခံဆောင်ရွက်ထားခြင်းဖြစ်ပါ တယ်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရာမှာ တိုင်း ဒေသကြီး/ပြည်နယ်များအားလုံးသို့ ကြိုတင်အသိပေး ပြောဆိုရှင်းလင်းမှုများလည်း အချိန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖြေဆိုသူမှ ဖြေကြားသည့်အတိုင်းသာ စာရင်းပြုစု ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်သော ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်က ထုတ်ပြန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ၁-၁၀-၂၀၀၃ ရက်စွဲပါ လမ်းညွှန်မှုနှစ်ခုလုံးကို ပယ်ဖျက်သေးခြင်းမရှိပါက သမ္မတ၏ ကြေညာချက်နှင့် ဝန်ကြီးဌာနရဲ့လမ်းညွှန်ချက် မည်သည်ကပို၍ အာဏာသက်ရောက်မှုရှိပါသနည်း ဟူသော မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင် စာရင်းကောက်ယူရာမှာ ၁၉၈၃ ခုနှစ်၊ လူမျိုးစုစာရင်းကိုသာ အခြေခံထားပြီးတော့မှ ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါတယ်။ အာဏာသက်ရောက်မှုရှိသည်ဆိုသောအချက်မှာတော့ နှိုင်းယှဉ်ရန်ပင် မသင့်တော် ကြောင်းကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ သန်းခေါင်စာရင်းကောက်ယူရာမှာ အခြေခံသတ်မှတ်ထားတဲ့ Code ဖြင့် ကောက်ယူခဲ့သော တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများဟာ အပြောင်းအလဲရှိနိုင်ပါတယ်။ ၎င်းစာရင်းများကို စာရင်းပြုစုခြင်းလုပ်ငန်းမှ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများနှင့်ပတ်သက်၍ ထွက်ရှိလာသည့်စာရင်းများအရ လူမျိုးစုအမည်၊ သတ်ပုံသတ်ညွှန်းမှားနေခြင်း၊ လူမျိုးစုအမည်သစ် ထပ်မံတိုးလာခြင်းနှင့် အချို့မှာပျောက်ကွယ်သွားခြင်းများအပေါ် မူတည်၍ တိုင်းရင်းသားလူမျိုးစုများ

ထံမှ အကြံပြုချက်၊ ပူးပေါင်းကူညီဆောင်ရွက်ချက်များ ရယူပြီးတော့မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်သွားနိုင်ရေးအတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၎င်း လုပ်ငန်းစဉ်ပြီးစီးသွားမှသာ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများစာရင်း ပြန်လည်ပြုပြင်ပြောင်းလဲ သတ်မှတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အဝေးပြေးကားဂိတ်များရှိယာဉ်များအား မည်သို့စစ်ဆေးအရေးယူနေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၂၆၃၅ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတစ်ဝန်း လုံးနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများကြောင့် ပြည်သူတို့ရဲ့ အသက်များ ဆုံးရှုံးခဲ့ရပါတယ်။ ဒီယာဉ်တိုက်ခိုက်တိမ်းမှောက်မှုတွေကို ဆန်းစစ်ကြည့်တဲ့အခါမှာ လမ်းအခြေအနေ၊ ယာဉ်နှင့် ယာဉ်မောင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အဝေးပြေးကားဂိတ်များမှ ခရီးသည်တင်ယာဉ်များ မထွက်ခွာမီမှာ ယာဉ်များ နှင့်ယာဉ်မောင်းများကို သေချာစွာစစ်ဆေးဆောင်ရွက်ပေးခြင်းဟာ ပြည်သူတို့ရဲ့အသက်ကို ကာကွယ် ခြင်းဖြစ်စေပြီးတော့ ကောင်းမွန်မှန်ကန်တဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ခြင်းဖြစ်သဖြင့် ကြိုဆိုပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်က တိမ်းမှောက်ခဲ့တဲ့ ရာဇာမင်းခရီးသည်တင်ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၁၄ ဦး သေဆုံး ပြီးတော့ ၂၉ ဦး ဒဏ်ရာရခဲ့ပါတယ်။ ဒီဖြစ်ရပ်ဖြစ်ပေါ်ပြီးတဲ့နောက်မှာ စစ်ဆေးရေးအဖွဲ့တွေနဲ့ ယာဉ်များမထွက်ခွာမီနဲ့ လမ်းခရီးတို့မှာ စစ်ဆေးဆောင်ရွက်ခြင်းမျိုးဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိ ရပါတယ်။

ဒီလိုစစ်ဆေးရာမှာ စစ်ဆေးတဲ့အဖွဲ့ဝင်တွေအနေနဲ့ ကျွမ်းကျင်တဲ့ပညာရှင်တွေဖြစ်ပြီးတော့ စနစ် တကျမှန်ကန်တိကျစွာ စစ်ဆေးအပြစ်ပေးမှသာ ပြည်သူတို့ရဲ့အသက်ကို ပို၍လုံခြုံစိတ်ချအောင်

ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အဝေးပြေးကားဂိတ်တွေမှာ ယာဉ်များမထွက်ခွာမီ အဖွဲ့စနစ်နဲ့ စစ်ဆေးမှုတွေ ဆက်လက်ဆောင်ရွက်နေပါသေးသလား။ စစ်ဆေးဆောင်ရွက်နေပါက မည်သည့်ဌာနအဖွဲ့အစည်းများက ဦးစီးပြီးတော့ မည်သည့်ပညာရှင်တွေနဲ့ ဖွဲ့စည်းစစ်ဆေးဆောင်ရွက်နေပါသလဲ။ စည်းမျဉ်းစည်းကမ်းနဲ့ မကိုက်ညီတဲ့ ယာဉ်နဲ့ယာဉ်မောင်းတွေကို မည်သို့အရေးယူဆောင်ရွက်နေသလဲ။ အရေးယူဆောင်ရွက်နေမှုအခြေအနေတွေကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ယာဉ်အို၊ ယာဉ်ဟောင်းများအနက် သင့်တင့်ကောင်းမွန်သော ယာဉ်များအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်စက်မှုလက်မှုကျောင်းများသို့ သင်ထောက်ကူပစ္စည်းများအဖြစ် အသုံးပြုနိုင်ရေးစီမံပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိတဲ့ ယာဉ်အို၊ ယာဉ်ဟောင်းများကိစ္စနှင့်ပတ်သက်ပြီး သင့်တော်ကောင်းမွန်တဲ့ ယာဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတော်အကျိုး၊ ကျောင်းသားကျောင်းသူများရဲ့ အကျိုးအတွက် မေးမြန်းဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမေးဖြစ်ဖို့ဖြစ်ပေါ်ခဲ့တဲ့အကြောင်းကတော့ ယာဉ်အို၊ ယာဉ်ဟောင်းများအဖြစ်အပ်နှံတဲ့အခါမှာ အချို့မော်တော်ယာဉ်များဟာ ကောင်းမွန်နေတာတွေကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ မိမိကိုယ်တိုင်လည်း မိမိမောင်းနှင်အသုံးချခဲ့တဲ့ မော်တော်ယာဉ်တစ်စီးကိုအပ်နှံခဲ့ရတဲ့အတွက် ပိုလို့သိရှိခဲ့ရပါတယ်။ သင့်တော်ကောင်းမွန်တဲ့ မော်တော်ယာဉ်များကို သံရည်ကျိုပြီး သံတုံးသံခဲတွေ လုပ်လိုက်မည့်အစား နိုင်ငံတော်အတွက် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည့်နည်းလမ်းများကို အမျိုးမျိုးစဉ်းစားရာမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်စက်လက်မှုအထက်တန်းကျောင်းများမှာ သင်ကြားနေတဲ့ စက်မှုပိုင်းဆိုင်ရာဘာသာရပ်တွေကို သင်ကြားနေတဲ့ ကျောင်းသားကျောင်းသူများအတွက်

သင်ထောက်ကူပစ္စည်းများအဖြစ် အသုံးပြုပါက ပိုမိုပြီးတော့မှ အသိပညာရှင်၊ အတတ်ပညာရှင်များကို များစွာမွေးထုတ်နိုင်မှာဖြစ်ပြီး နိုင်ငံတော်အတွက်လည်း များစွာအကျိုးပြုနိုင်မယ်လို့ ယူဆမိတဲ့အတွက် ယခုလိုမေးမြန်းခဲ့ရခြင်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာမှာ စက်မှုကဏ္ဍဟာလည်း အဓိကဖြစ်လို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်စက်မှုလက်မှုအထက်တန်းကျောင်းတွေကို နိုင်ငံအနှံ့အပြားမှာတိုးချဲ့ဖွင့်လှစ်ပေးပြီး စက်မှုနည်းပညာရှင်တွေ မွေးထုတ်ပေးလျက်ရှိပါတယ်။ အရည်အချင်းပြည့်ဝတဲ့အသိပညာရှင်၊ အတတ်ပညာရှင် ကျောင်းသားကျောင်းသူတွေဖြစ်ဖို့ဆိုရင်လည်း ကျောင်းတွေမှာသင်ထောက်ကူပစ္စည်းတွေ ပြည့်ပြည့်စုံစုံနဲ့ လက်တွေ့သင်ကြားပို့ချပေးနိုင်ဖို့ကိုလည်း နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတာကတော့ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံလက်ခံရာတွင်ရရှိသော သင့်တော်ကောင်းမွန်သည့် မော်တော်ယာဉ်များအနက်မှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်စက်လက်မှုအထက်တန်းကျောင်းများသို့ လက်တွေ့သင်ကြားရာတွင် အခြေခံအဖြစ် အသုံးပြုနိုင်မည့် တတ်ကျွမ်းနားလည်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျောင်းသားကျောင်းသူများ မွေးထုတ်နိုင်ရန် လုံလောက်သည့် အရည်အသွေးရှိသောမော်တော်ယာဉ်များကို သံအရည်ကျိုခြင်းထက် သင်ထောက်ကူပစ္စည်းများအဖြစ် ပိုမိုအကျိုးရှိအောင်အသုံးပြုခွင့်ရရှိရေးအား နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦး၏ မေးမြန်းချက်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တပေါင်းတည်းထဲဖြေဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေမှ မေးထားတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းထားတဲ့ ဗဟိုကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ ပြေးဆွဲနေကြတဲ့ ခရီးသည်တင် ပို့ဆောင်ရေးယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်ကို ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များကို ဒေသအလိုက်ဖွဲ့စည်းပြီးတော့ ခရီးသည်ပို့ဆောင်ရေးယာဉ်များကို ခရီးမထွက်ခွာမီ စစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားထားရှိချက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့များမှလည်း ညွှန်ကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့များရဲ့ ကြီးကြပ်တဲ့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးက စတဲ့အဖွဲ့အစည်းတွေပါဝင်ပြီးတော့ အဲဒီပူးပေါင်းအဖွဲ့ဟာ ခရီးသည်တင်ယာဉ်များ စတင်ထွက်ခွာမယ့်နေရာများမှာစစ်ဆေးကြပါတယ်။ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှာပါဝင်တဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးတဲ့ဝန်ထမ်းများဟာ ယာဉ်စစ်ဆေးရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာများဖြစ်ပြီးတော့ ယာဉ်မှတ်ပုံတင်ဌာနနှင့် ယာဉ်မောင်းလိုင်စင်ဌာနမှ ဝန်ထမ်းပညာရှင်များဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာမှာ ယာဉ်စစ်ဆေးမှု အချက် ၁၃ ချက်နဲ့ ကျွန်တော်တို့စစ်ဆေးပါတယ်။ ဒါတွေကတော့ သက်တမ်းရှိတဲ့ယာဉ် သက်သေခံလက်မှတ်ရှိ/မရှိ၊ မီးကြီး၊ အချက်ပြမီးများ ကောင်းစွာအလုပ်လုပ်မှုရှိ/မရှိ၊ ကိုယ်ထည်ကြံ့ခိုင်မှုရှိ/မရှိ၊ ရှေ့နောက်တာယာများ ကောင်းမွန်မှုရှိ/မရှိ၊ သတ်မှတ်လူစီးထိုင်ခုံအရေအတွက်နှင့်ကိုက်ညီမှုရှိ/မရှိ၊ ခရီးသည်အရေအတွက် ကုန်ပစ္စည်းများတင်ဆောင်မှု သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိ/မရှိ၊ မီးသတ်ဆေးဗူးများတပ်ဆင်ထားမှုရှိ/မရှိ၊ အရေးပေါ်ထွက်ပေါက်ပါရှိပြီးတော့ အသုံးပြုနိုင်မှုရှိ/မရှိ၊ ရေသုတ်တံ (Wiper)များ ကောင်းမွန်မှုရှိ/မရှိ၊ သတ်မှတ်ရောင်ပြန်ပြားများ တပ်ဆင်ထားရှိမှုရှိ/မရှိ၊ ယာဉ်ရပ်နားထားစဉ်မှာ အသုံးပြုဖို့အတွက် တြိဂံ

ရောင်ပြန်ပါရှိမှုရှိ/မရှိ၊ အရေးပေါ်ဖြစ်တဲ့အချိန်မှာ မှန်ခွဲနိုင်တဲ့ တူနှင့်ပုဆိန် (Emergency Hammer) များပါရှိမှုရှိ/မရှိ၊ ထိုင်ခုံခါးပတ်တို့ အသုံးပြုမှုရှိ/မရှိများကို စစ်ဆေးပါတယ်။ ဒါ့အပြင် ယာဉ်မောင်းများကို စစ်ဆေးရမည့်အချက် ၁၀ ချက်ဖြစ်တဲ့ သက်တမ်းရှိတဲ့ (င) ယာဉ်မောင်းလိုင်စင်ပါဝင်မှုရှိ/မရှိ၊ ယာဉ်မောင်းလိုင်စင်မပါဘဲနဲ့ မောင်းနှင်မှုရှိ/မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်နဲ့ မောင်းနှင်ခြင်းရှိ/မရှိ၊ လိုင်စင်အတုနဲ့ မောင်းနှင်ခြင်းရှိ/မရှိ၊ အရန်ယာဉ်မောင်းများနှင့် သူတို့ရဲ့ယာဉ်မောင်းလိုင်စင်များပါရှိမှုရှိ/မရှိ၊ ယာဉ်နောက်လိုက်/ယာဉ်အကူနဲ့ သူတို့ရဲ့ လိုင်စင်များပါရှိမှုရှိ/မရှိ၊ သက်တမ်းရှိတဲ့ (ခ) လုပ်ငန်းအငှားလိုင်စင်ပါရှိမှုရှိ/မရှိ၊ ယာဉ်မောင်းများ အရက်မူးယစ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲထားခြင်းရှိ/မရှိ၊ ယာဉ်မထွက်ခွာမီ ခရီးသည်များကို ဘေးကင်းလုံခြုံရေးအတွက် ကြိုတင်မှာကြားဆောင်ရွက်မှုရှိ/မရှိ၊ ယာဉ်မောင်းများ အချက်ပြမီး မှားယွင်းအသုံးပြုမှုရှိ/မရှိစသည့်တို့ကို စစ်ဆေးပါတယ်။

အဲဒီလို တိုင်းဒေသကြီး/ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့အသီးသီးက ဗဟိုကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီရဲ့ စစ်ဆေးရန် ညွှန်ကြားချက်နှင့်အညီ စစ်ဆေးရာမှာ စစ်ဆေးတွေ့ရှိချက်များကို အပတ်စဉ်တင်ပြလျက်ရှိပါတယ်။ အဲဒီမှာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များရဲ့ အရက်သေစာသောက်စားထားခြင်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ စတင်စစ်ဆေးတဲ့ ၁၃-၅-၂၀၁၄ ရက်နေ့ကနေ ၂၈-၈-၂၀၁၄ ရက်နေ့အထိ စစ်ဆေးခဲ့တဲ့ ယာဉ်စီးရေ ၅၉၉၈၄ စီးရှိပြီးတော့ အဲဒီမှာ မောင်းနှင်တဲ့ ယာဉ်မောင်းတွေကို အရက်သေစာသောက်စားမှု မရှိတာတွေ့ရကြောင်း တင်ပြအပ်ပါတယ်။ အဲဒီစစ်ဆေးမှုတွေကိုလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စစ်ဆေးတွေ့ရှိချက်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို တင်ပြစေပြီးတော့ သက်ဆိုင်တဲ့ ယာဉ်အသင်းအဖွဲ့များ၊ လိုအပ်တဲ့ လမ်းညွှန်မှု၊ ကြီးကြပ်မှုများ ပြုလုပ်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့အနေနဲ့ စစ်ဆေးသတ်မှတ်ချက်များနှင့် မကိုက်ညီတဲ့ ခရီးသည်တင်မော်တော်ယာဉ်တွေကို ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းဝေးပြီး လုံခြုံစိတ်ချစွာ ခရီးသွားနိုင်ရေးအတွက် ခရီးဆက်လက်ထွက်ခွာရန် တားမြစ်ကန့်သတ်ခြင်း၊ ယာဉ်မောင်းလိုင်စင်အတုနှင့် ကိုင်ဆောင်မောင်းနှင်သူများကို ဥပဒေအရ တရားစွဲဆိုခြင်း၊ စည်းကမ်းမလိုက်နာသူများအတွက် ယာဉ်လိုင်းများ သတိပေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ယာဉ်လိုင်းများအားအရေးယူခြင်း စတဲ့ဆောင်ရွက်မှုများကို ပြုလုပ်ပါတယ်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်

**မူကြမ်း**

ယာဉ်မထွက်ခွာမီ စစ်ဆေးတဲ့အချက်များက အကြောင်းအရာတစ်ခုကို သုံးကြိမ်ဆက်တိုက် ချိုးဖောက်တာတွေ့လို့ရှိရင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြပြီးတော့ အရေးယူဆောင်ရွက်ရန်လည်းကောင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှုဖြစ်၍ လူသေဆုံးမှုရှိခဲ့ပါက သက်ဆိုင်ရာ ယာဉ်လိုင်းကို ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ပိတ်သိမ်းအရေးယူရန်လည်းကောင်း ညွှန်ကြားထားရှိခဲ့ပါတယ်။

အရေးယူမှုအခြေအနေနှင့်ပတ်သက်ပြီးတော့ ညွှန်ကြားချက်ထုတ်ပြန်ပြီးတဲ့နောက် ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှုဖြစ်စဉ်များမှာ လူသေဆုံးမှုရှိခဲ့တဲ့ ယာဉ်လိုင်းကို ပိတ်သိမ်းတဲ့အထိ အရေးယူခဲ့ပါတယ်။ ၁၂-၅-၂၀၁၄ ရက်နေ့က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ဖြစ်ပွားခဲ့တဲ့ ရာဇာမင်းယာဉ်မတော်တဆထိခိုက်မှုမှာ လူ ၁၄ ဦးသေဆုံးခဲ့တဲ့အတွက် ရာဇာမင်းယာဉ်လိုင်းကို ၁၅-၅-၂၀၁၄ ရက်နေ့မှစပြီး နေပြည်တော်ကောင်စီက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ယာဉ်လိုင်းပြေးဆွဲခွင့် ပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ ၂၈-၅-၂၀၁၄ ရက်နေ့ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်မှာဖြစ်ပွားခဲ့တဲ့ ကိန္နရာရှမ်း ယာဉ်မတော်တဆထိခိုက်မှုမှာ လူသုံးဦးသေဆုံးခဲ့တဲ့အတွက် ကိန္နရာရှမ်းယာဉ်လိုင်းကို ၁၉-၆-၂၀၁၄ ရက်နေ့ကစပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ယာဉ်လိုင်းပြေးဆွဲခွင့်ကို ပိတ်သိမ်းခြင်းဖြင့်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ၂၀၁၂ ခုနှစ်၊ မေလ ၂၀ ရက်နေ့က အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ကို ဖွဲ့စည်းပြီးတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာသွားနိုင်ရေး၊ အမြန်လမ်းမကြီး ရေရှည်တည်တံ့ခိုင်မြဲရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။ အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေနဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့၊ အမြန်လမ်းပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာအဖွဲ့တို့နှင့်ပူးပေါင်း၍ စစ်ဆေးလျက်ရှိရာမှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအထိ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်တဲ့ ယာဉ် ၃၀၀၇ စီး၊ ယာဉ်မောင်းလိုင်စင်အတုနှင့်မောင်းနှင်သူ လေးဦးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့တဲ့အတွက် မော်တော်ယာဉ်နည်းဥပဒေ ၂၂ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ ယာဉ်မောင်းလိုင်စင်အတုပြုလုပ်မှုတို့နှင့်အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလို ကြိုတင်ကာကွယ်စစ်ဆေးခြင်းလုပ်ငန်းများပူးပေါင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့တဲ့အတွက် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ ၂၀၁၄ ခုနှစ်၊ ဧပြီလအတွင်းက ယာဉ်မတော်တဆထိခိုက်မှု ၆၀ မှုဖြစ်ပွားခဲ့ရာမှ မေလမှာ ၄၀ မှု၊ ဇွန်လမှာ ၂၉ မှု၊ ဇူလိုင်လမှာ ၂၇ မှု၊ ဩဂုတ်လမှာ ၂၆ မှု၊ စက်တင်ဘာလ ၁၀ ရက်နေ့အထိ ၁၀ မှု သာဖြစ်ပွား

ခဲ့တဲ့အတွက် အဝေးပြေးမော်တော်ယာဉ်မတော်တဆထိခိုက်မှုများ သိသာစွာလျော့နည်းကျဆင်းလာတာကို စိစစ်တွေ့ရှိရကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားပါမယ်။ မှတ်ပုံတင်သက်တမ်းကြာမြင့်ကာလယာဉ်များကို ယာဉ်ကြံ့ခိုင်မှုအားနည်းတဲ့အတွက် ယာဉ်အန္တရာယ်ဖြစ်စေခြင်း၊ လောင်စာဆီသုံးစွဲမှုမြင့်မား၍ ငွေကြေးကုန်ကျမှုများပြားခြင်း၊ ယာဉ်များမှထွက်တဲ့ မီးခိုးကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးလို့ လူအများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်း၊ မကြာခဏပျက်စီးချို့ယွင်းမှုကြောင့်ပြုပြင်ရခြင်း၊ စက်ကိရိယာအစိတ်အပိုင်းများရှားပါး၍ ဈေးကြီးမှုရှိခြင်းစတဲ့ ဆိုးကျိုးတွေကြောင့် ယာဉ်ပိုင်ရှင်ရဲ့ဆန္ဒအရ မှတ်ပုံတင်ဖျက်သိမ်းလိုလျှင် ခွင့်ပြုပြီးတော့ သင့်လျော်တဲ့ယာဉ်နှင့်အစားထိုးဝယ်ယူသုံးစွဲစေတဲ့ စနစ်ကို ၂၀၁၁ ခုနှစ်မှာ စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။

ပထမအဆင့်အနေနဲ့ မှတ်ပုံတင်သက်တမ်း အနှစ် ၄၀ ကျော်၊ ဒုတိယအဆင့်အနေနဲ့ အနှစ် ၃၀ ကျော်မှ အနှစ် ၄၀ အတွင်း၊ တတိယအဆင့်အနေနဲ့ အနှစ် ၂၀ ကျော်မှ အနှစ် ၃၀ အတွင်း၊ လက်ရှိမှာတော့ စက်မှုဇုန်ထုတ်ယာဉ်များ၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးတဲ့ယာဉ်များ(သုံးဘီးဆိုင်ကယ်မပါ)၊ သုံးဘီးယာဉ်များနှင့် ထုတ်လုပ်မှုသက်တမ်း အနှစ် ၂၀ ကျော်တဲ့ ယာဉ်များအထိ အဆင့်ဆင့်သတ်မှတ်ပြီးတော့ ယာဉ်အို၊ ယာဉ်ဟောင်းအဖြစ် အပ်နှံသည့် အစားထိုးယာဉ်ဝယ်ယူတင်သွင်းခွင့်ပြုခဲ့ပါတယ်။ အပ်နှံတဲ့ယာဉ်တွေကိုတော့ အထက်မြန်မာနိုင်ငံမှာ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အောက်မြန်မာနိုင်ငံမှာ သီလဝါသဘော်ဖျက် စက်ရုံ(သန်လျင်)မှာလက်ခံပြီးတော့ ဖျက်ဆီးဆောင်ရွက်လျက်ရှိပါတယ်။

အပ်နှံ ယာဉ်အိုယာဉ်ဟောင်းများအနက် သင့်တင့်ကောင်းမွန်တဲ့ မော်တော်ယာဉ်အချို့ကို သံရည်ကျိုမယ့်အစား ပညာရပ်ပိုင်းဆိုင်ရာ သင်ကြားမှုအထောက်အကူပစ္စည်းအဖြစ် အသုံးပြုပါက သံရည်ကျိုရလဒ်ထက် အသုံးဝင်တန်ဖိုးမြင့်မား၍ ပိုမိုထိရောက်စွာ အကျိုးရှိမှာဖြစ်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျောင်းများမှာ သင်ကြားလျက်ရှိတဲ့ Internal Combustion Engine ဘာသာရပ်၊ Petrol and Diesel Engine ဘာသာရပ်၊ Automotive Technology ဘာသာရပ်များအတွက် လက်တွေ့သင်ကြားမှုများကို အထောက်အကူပြုစေနိုင်မှာဖြစ်ခြင်း၊ ကျောင်းသားများအချိန်တိုအတွင်း လက်တွေ့သင်ခန်းစာများကို ထိရောက်လျင်မြန်သော နားလည်မှုများ၊ ကျွမ်းကျင်မှုများရရှိနိုင်မည်ဖြစ်ခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသကဲ့သို့

အပ်နှံဖျက်သိမ်းမယ့် မော်တော်ယာဉ်များအနက် သင့်လျော်တဲ့ယာဉ်တွေကို သင်ထောက်ကူပစ္စည်းများ အဖြစ် ပြောင်းလဲဖြည့်ဆည်းပေးခြင်းက ကျောင်းသူကျောင်းသားများအတွက် အမှန်တကယ်အကျိုး ရှိမယ့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အဲဒီလို ဖျက်သိမ်းအပ်နှံတဲ့ ယာဉ်အိုယာဉ်ဟောင်းများအနက် အစားထိုးပြန်မရနိုင်တဲ့ ရှေးဟောင်းမော်တော်ယာဉ် Antique တွေကိုလည်း အမျိုးအစားအလိုက် အကောင်းဆုံး မော်တော် ယာဉ်များကို စိစစ်ရွေးချယ်ပြီးတော့ သိမ်းဆည်းထားခဲ့တာရှိပါတယ်။ အခု အပ်နှံလာတဲ့ ယာဉ်အို၊ ယာဉ်ဟောင်းများအနက် သင့်လျော်ကောင်းမွန်တဲ့ယာဉ်တွေကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တောင်းဆိုတဲ့ ယာဉ်အရေအတွက်အတိုင်း နည်းပညာတက္ကသိုလ် ၂၈ ကျောင်း၊ အစိုးရနည်းပညာ ကောလိပ် ၃ ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ ကျောင်းနှင့် အစိုးရနည်းပညာအထက်တန်း ကျောင်း ၃၆ ကျောင်းတို့မှာရှိတဲ့ ကျောင်းသားကျောင်းသူများ လက်တွေ့သင်ကြားရေးနဲ့ သင်ထောက် ကူပစ္စည်းများအဖြစ် အသုံးပြုနိုင်ဖို့အတွက် ဖျက်ဆီးအပ်နှံမယ့်မော်တော်ယာဉ်ဟောင်း Saloon ၇၈ စီး၊ Pick Up(Diesel) ၇၈ စီး၊ Pick Up(Petrol) ၇၈ စီး၊ စုစုပေါင်း ၂၃၄ စီး ထုတ်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာမှာ ၁၈-၉-၂၀၁၄ ရက်နေ့အထိ ၁၅ စီး ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိ သောယာဉ်များ ထုတ်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေဆိုခြင်းအစီအစဉ် ပြီးပါပြီ။ အစီ အစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအား တင်သွင်းရန် ဖိတ်ခေါ်ပါ တယ်။

**ဦးကြည်တင့်(အဖွဲ့ဝင်၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်

ပြည့်စုံပါစေ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင် ဦးကြည်တင့် ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်ပတ်သက်ပြီး တော့ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်တဲ့ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအမှတ်(၁၈)နှင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ ပြဋ္ဌာန်းလိုက်တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေအမှတ်(၉)တို့မှာ ကွဲလွဲချက် နှစ်ခု တွေ့ရှိခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေမှာ ဖွံ့ဖြိုး ရေးရန်ပုံငွေများကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ သုံးငွေဇယား ၄ တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ ငွေအဖြစ် အမှတ်စဉ်(၄၉) တွင် ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဤဥပဒေအရ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ထောက်ပံ့ငွေ အဖြစ် လွှဲအပ်၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများရဲ့ ရငွေ၊ သုံးငွေစာရင်းမှာ ပါဝင် ရမှာဖြစ်ပါတယ်။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (စ)ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာမြို့နယ်များမှာ ပြည်ထောင်စုရဲ့ ဘဏ္ဍာရန်ပုံငွေစာရင်း၊ အခြားစာရင်းရှင် UFA (OA) ဖြင့်ဖွင့်လှစ်ပြီး ပြည်ထောင်စုရဲ့ ရငွေ၊ သုံးငွေစာရင်းမှာ ပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေနှစ်ခုမှာ ကွဲလွဲချက်နှစ်ရပ်ဖြစ် နေတာကို ကျွန်တော်တို့ကော်မတီအနေနဲ့ လေ့လာတွေ့ရှိရတဲ့အတွက် ဖွံ့ဖြိုးရေးရန်ပုံငွေဟာ ပြည်သူ လူထုရဲ့လိုအပ်ချက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ အခက်အခဲမရှိ ထိရောက်စွာသုံးစွဲသွား နိုင်ရေး၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ညီညွတ်ရေး အရှုည်သဖြင့် ကောင်းမွန်တဲ့စနစ် တစ်ခုရရှိရေးကို အဓိကထားပြီးတော့ ကျွန်တော်တို့ကော်မတီအနေနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ရှိသူများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ပြင်ဆင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ပြင်ဆင်ဖို့အချက်များက တော့ ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းသာမက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရာ တွင်ပါဝင်လာနိုင်စေရန် ပုဒ်မ ၉ ပုဒ်မခွဲ(စ)တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ အခြားစာရင်း ရှင် UFA (OA) ဟု ပုံသေသတ်မှတ်ပြဋ္ဌာန်းခြင်းအစား ပိုမိုသင့်လျော်တဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်တဲ့နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအမည်ဖြင့် ငွေစာရင်းများဖွင့်လှစ်ပြီးလည်း

ကောင်း၊ ပုဒ်မ ၁၀ မှာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ စာရင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်များမှ စစ်ဆေးနိုင်ရန်ဟု ပုဒ်မ ၃၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ တို့ကို ကျွန်တော်တို့ ကော်မတီအနေ နဲ့ ပြင်ဆင်ထားပါကြောင်းနှင့် ပြည်သူ့လွှတ်တော်မှ အတည်ပြုချက်ပေးနိုင်ပါရန် ကော်မတီရဲ့ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ ကျွန်မက ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား တင်ပြမှာဖြစ်ပါတယ်ရှင်။

၁။ ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက တင်သွင်းသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၉-၉-၂၀၁၄ ရက်စွဲပါ စာအမှတ် ၁/ပထ(စည်းဝေး)၁၀/၂၀၁၄-၃၆၃ ဖြင့် ပေးပို့လာပါတယ်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေတို့၏ ပြဋ္ဌာန်းချက်ကွဲလွဲနေသည်ကို ညီညွတ်မှုရှိစေရန်ရည်ရွယ်၍ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ရေးဆွဲတင်ပြထားကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၂-၉-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင်များ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေး ကျင်းပခဲ့ပါတယ်။

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်ဇယားများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသို့ ဖြန့်ဖြူးပြီးဖြစ်၍ ထပ်မံဖတ်ကြားမှုမပြုတော့ပါရှင်။

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံစာတင်ပြအပ်ပါ တယ်ရှင်။

**စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ၁၅:၀၀ အချိန် နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာ့လေကြောင်းဥပဒေကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ဖြစ်သော ၂၈-၇-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁-၈-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် မြန်မာ့လေကြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်က အတည်ပြုရန် သဘောတူတဲ့အတွက် မြန်မာ့လေကြောင်းဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၂း၁၅ အချိန်တွင် ရပ်နားပါသည်။]